ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

၁၃၈၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၀ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 15 March 2023 ၁၁၀၄၀

## ဆွေမျိုးတို့နှင့် နေရသကဲ့သို့

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့် အတူနေရခြင်းသည် ရန်သူနှင့် အတူနေရသကဲ့သို့ အခါခပ်သိမ်း ဆင်းရဲရ၏။ ပညာရှိနှင့် အတူတကွ နေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၇)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။
၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။
၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။
၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။
၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရော့စ်ကွန်ဂရက်ရင်းနီးမြှုပ်နှံမှု ရန်ပုံငွေအဖွဲ့၏ ကိုယ်စားလှယ်အဖွဲ့ လာရောက်ဂါရဝပြုတွေ့ဆုံ

## မြန်မာနိုင်ငံမှထွက်ရှိသည့် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များ၊ ရေထွက်ပစ္စည်းများကို ရုရှားနိုင်ငံသို့ တင်ပို့နိုင်ရေးကိစ္စရပ်များနှင့် နှစ်နိုင်ငံအပြန်အလှန်ကုန်သွယ်မှု မြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များဆွေးနွေး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရော့စ်ကွန်ဂရက်ရင်းနီးမြှုပ်နှံမှုရန်ပုံငွေအဖွဲ့မှ ညွှန်ကြားရေးမှူး Mr. SHATIROV Alexander Sergeevich က ဂါရဝပြုတွေ့ဆုံစဉ်။

နေပြည်တော် မတ် ၁၄

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရော့စ်ကွန်ဂရက်ရင်းနီးမြှုပ်နှံမှုရန်ပုံငွေအဖွဲ့မှ ညွှန်ကြားရေးမှူး Mr. SHATIROV Alexander Sergeevich ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့က ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဧည့်ခန်းမ၌ လာရောက်ဂါရဝပြုတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံမှ တွင်းထွက်နှင့် သဘာဝသယံဇာတပစ္စည်းများကို တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် ထုတ်လုပ်နိုင်ရေးနှင့် သဘာဝသယံဇာတများ ထိန်းသိမ်းနိုင်ရေးအတွက် သုတေသနလုပ်ငန်းများ ဆောင်ရွက်မည့်ကိစ္စရပ်များ၊ မြန်မာနိုင်ငံမှထွက်ရှိသည့် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များ၊ ရေထွက်ပစ္စည်းများကို ရုရှားနိုင်ငံသို့ တင်ပို့နိုင်ရေးကိစ္စရပ်များနှင့် နှစ်နိုင်ငံအပြန်အလှန်ကုန်သွယ်မှု မြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များ၊ စာမျက်နှာ ၃ ကော်လံ ၁ သို့ ★

ယနေ့ ဖတ်စရာ

**မကွေးတိုင်းဒေသကြီး ဧရာဝတီမြစ်အတွင်း ကျက်စားလျက်ရှိသော မြန်မာ့ငါးသလောက်ငါးမျိုးစိတ်များအား ဝိုင်းဝန်းစောင့်ရှောက်ကြပါစို့** ဆောင်းပါး စာမျက်နှာ » ၆

**မြန်မာ့ပဲမျိုးစုံ တန်ဖိုးကွင်းဆက်ကို အားကောင်းစေမည့် လမ်းပြမြေပုံရေးဆွဲခြင်းဖြင့် ကျေးလက်နေလုပ်ကွက်ငယ်ပဲစိုက်တောင်သူများ၏ လူနေမှုဘဝနှင့် လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်လာစေမည်** စာမျက်နှာ » ၈

**၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလအတွင်း ဝန်းကျင်လေထုအရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်** စာမျက်နှာ » ၁၈

ကြေးမုံ

# နိုင်ငံတော်အနာဂတ်အတွက် စိတ်ဓာတ်ခွန်အားပေးပြုစုပျိုးထောင်

ယနေ့လူငယ်များသည် နောင်တစ်ချိန်တွင် လူ့ဘောင်လောကကြီးကို ဦးဆောင်ပဲ့ကိုင်မောင်းနှင်ကြမည့် လူကြီးများဖြစ်ကြပါလိမ့်မည်။ ထို့ကြောင့် လူငယ်တို့ကို ပေါ့ပေါ့သဘောထားရန်မသင့်လျော်ပါ။ လျစ်လျူရှုထား၍ မဖြစ်နိုင်ပါ။ လူငယ်များအား လူတော်လူကောင်းလေးများဖြစ်လာအောင်၊ ယဉ်ကျေးလိမ္မာအောင်၊ ခေတ်ပညာနှင့်ပြည့်စုံအောင်၊ အကျင့်စာရိတ္တကောင်းမွန်အောင်၊ အများအကျိုးကို ဆောင်ရွက်တတ်အောင်၊ မျိုးချစ်စိတ်ဓာတ်ထက်သန်ပြီး နိုင်ငံနှင့်လူမျိုးအကျိုးစီးပွားအတွက် ကြိုးပမ်းထမ်းဆောင်ကြအောင် ငယ်စဉ်ကတည်းက မြေတောင်မြှောက်ပေးထားမှ၊ လေ့ကျင့်လမ်းပြပေးထားမှ နိုင်ငံ့အနာဂတ်အတွက် စိတ်အေးရမည်ဖြစ်သည်။

လူငယ်တို့အား လျစ်လျူရှုထားလျှင် သို့မဟုတ် လုံလောက်အောင် ပြုပြင်ပျိုးထောင်ခြင်းကို မဆောင်ရွက်နိုင်လျှင် လူငယ်တို့အနေဖြင့် လမ်းမှားသို့ရောက်ရှိသွားနိုင်ပြီး ဒုစရိုက်မှုများ၊ အကျင့်ပျက်မှုများ၊ တာဝန်မဲ့မှုများဖြစ်ပေါ်လာကာ ပြည်သူများကြားတွင် ပြဿနာအမျိုးမျိုးဖြစ်ပေါ်လာနိုင်သလို နောင်အနာဂတ်တွင်လည်း ပိုမိုဆိုးရွားသောအခြေအနေများ နိုင်ငံအတွင်း၌ ပေါ်ပေါက်လာနိုင်စရာအကြောင်းရှိသည်။ ထိုသို့သော အခြေအနေများကြောင့် နိုင်ငံအသီးသီးသည် အမြော်အမြင်ရှိသမျှ၊ စီးပွားရေးအင်အားတောင့်တင်းသမျှ လူငယ်များပြုပြင်ပျိုးထောင်ရေးလုပ်ငန်းများအား အင်တိုက်အားတိုက် ဆောင်ရွက်ကြသည်ကို တွေ့ရသည်။

ကလေးသူငယ်လူငယ်များ ပညာသင်ကြားချိန်တွင် ဆရာများ၏ သွန်သင်မှုနှင့် ကျောင်းသင်စာပေဩဇာအောက်သို့ ရောက်ရှိသွားကြပါသည်။ ပညာရေးစနစ်နှင့် ဆရာတို့ အရည်အသွေးကောင်းလျှင်ကောင်းသလောက် နိုင်ငံအတွက် ပညာတတ်လူကောင်းလူတော်များ တိုးပွားလာနိုင်ပါသည်။ သို့သော် မျက်မှောက်ကာလအခြေအနေအရ မိဘနှင့်ဆရာသမားတို့၏ သွန်သင်လမ်းပြမှုဖြင့်သာ ကလေးလူငယ်အားလုံး၏ဘဝကို အဆုံးအဖြတ်ပြုသည့်အယူအဆမှာ မမှန်နိုင်တော့ပါ။ ယနေ့လူငယ်များသည် ၎င်းတို့၏ကိုယ်ပိုင်ဆုံးဖြတ်ချက်ဖြင့် ၎င်းတို့ အနာဂတ်အား ကိုယ်တိုင်ဖန်တီးနေကြသည်ကိုတွေ့ရမည်ဖြစ်သည်။ နည်းပညာတိုးတက်လာမှုနှင့်အတူ အလွန်ကျယ်ပြန့်လာသည့် လူမှုဆက်ဆံရေးနယ်ပယ်၏ အရောင်ဟပ်မှု၊ ဩဇာသက်ရောက်မှုတို့သည် လူငယ်များအပေါ် လွှမ်းမိုးနေပြီဖြစ်သည်။

ထိုသို့သောအခြေအနေတွင် ကလေးသူငယ် လူငယ်လူရွယ်များအပေါ်၌ ဩဇာသက်ရောက်နိုင်စွမ်းရှိသည့်အရာမှာ စာပေဖြစ်သည်ကို မမေ့မိဖို့လိုပါသည်။ မျက်မှောက်ကာလတွင် နည်းပညာဆန်းသစ်လာမှုများနှင့်အတူ လူငယ်လူရွယ်များသည် အွန်လိုင်းပေါ်၌ အသိပညာဗဟုသုတများ လေ့လာဆည်းပူးနေကြသည်ကိုတွေ့ရသည်။ တိုးတက်ခေတ်မီပြောင်းလဲလာသော ကာလအခြေအနေအရလည်းကောင်း၊ စာအုပ်စာပေတို့နှင့် အလှမ်းဝေးလာသည့်အခြေအနေဖြစ်၍လည်းကောင်း လက်လှမ်းမီသည့်နည်းပညာကို အားထားသည့်သဘောဖြစ်သည်။ ကလေးသူငယ် လူငယ်လူရွယ်တို့သည် နိုင်ငံတစ်ဝန်းတွင်လည်းကောင်း၊ နယ်ပယ်ကဏ္ဍစုံတွင်လည်းကောင်း အများစုရှိနေပါသည်။ လူငယ်များ၏ သိလိုမှုကို နည်းပညာနယ်ပယ်မှသာမက အခမဲ့ဖတ်ရှုနိုင်သော စာအုပ်စာပေနယ်ပယ်မှ ဖြည့်ဆည်းပေးနိုင်သည်ကို သတိပြုမိဖို့လိုပါသည်။ နိုင်ငံတကာတွင် ကျောင်းစာကြည့်တိုက်များသည် လူငယ်လူရွယ်များအတွက် အသုံးဝင်နေဆဲဖြစ်သည်ကို တွေ့ရပါသည်။

မြန်မာနိုင်ငံတွင် ပြည်သူများနှင့်လူငယ်များ အလွယ်တကူ စာပေလေ့လာဖတ်ရှုနိုင်စေရန်၊ စာပေလေ့လာဖတ်ရှုခြင်းဖြင့် အသိပညာဗဟုသုတတိုးပွားလာစေရန်၊ အချိန်ကို အကျိုးရှိစွာအသုံးချနိုင်စေရန်၊ အမှန်နှင့်အမှားကို ဝေဖန်ပိုင်းခြားနိုင်ပြီး ယဉ်ကျေးသိမ်မွေ့၍ ကိုယ်ကျင့်တရားကောင်းမွန်စေရန်နှင့် နိုင်ငံတော်ကို အကျိုးပြုမည့်သားကောင်း၊ သမီးကောင်းများပေါ်ထွက်လာစေရန်အတွက် ခရိုင်နှင့်မြို့နယ်များတွင် ပြည်သူ့စာကြည့်တိုက် ၄၁၀ ဖွင့်လှစ်၍ စာအုပ်များ အခမဲ့ငှားရမ်းပေးခြင်းလုပ်ငန်းကို ဆောင်ရွက်ပေးလျက်ရှိသည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် စာကြည့်တိုက်ဥပဒေများရေးဆွဲပြီး ရပ်ကွက်ကျေးရွာစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။ ပြည်သူများ စာဖတ်ရှိန်မြှင့်တင်ရေးအတွက် ပြည်သူ့စာကြည့်တိုက်လုပ်ငန်းနှင့်အတူ ရွေ့လျားစာကြည့်တိုက် မော်တော်ယာဉ်များဖြင့် အခြေခံပညာကျောင်းများနှင့် ရပ်ကွက်ကျေးရွာများတွင် စာအုပ်များအခမဲ့ ငှားရမ်းပေးလျက်ရှိသည်။

မြန်မာနိုင်ငံတွင် အထူးသဖြင့် ကျေးလက်ဒေသများ၌ စာကြည့်တိုက်လုပ်ငန်းများ ရှင်သန်နေသည်ကို ထောက်ရှုခြင်းအားဖြင့် မိဘပြည်သူများသာမက လူငယ်လူရွယ်များ အသိပညာဗဟုသုတများ ရှာဖွေနေကြသည်ကို ဝမ်းမြောက်ဖွယ်တွေ့မြင်နေရသည်။ ထို့ကြောင့် ပြည်သူများ အသိပညာဗဟုသုတတိုးပွားပြီး စိတ်ဓာတ်ခွန်အားများ တိုးပွားလာစေရေးအတွက် စာဖတ်ရှိန်မြှင့်တင်ရေးလုပ်ငန်းများကို ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်၏အနာဂတ် ပိုမိုတိုးတက်ကောင်းမွန်လာမည်ဖြစ်ပါကြောင်း။ ။

## (၇၈)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

★ ဒို့တာဝန်အရေး(၃)ပါးကို အပြည့်အဝအောင်မြင်စွာ ထိန်းသိမ်းစောင့်ရှောက်ရေး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရေးနှင့် စစ်မှန်ပြီးစည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကာကွယ်စောင့်ရှောက်ရေးတို့အား တပ်မတော်၏ အဓိကတာဝန်အဖြစ် ထမ်းဆောင်ရေး။

★ ပါတီစုံဒီမိုကရေစီစနစ်လမ်းကြောင်းကို လျှောက်လှမ်းရာတွင် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးသည် ပကတိလိုအပ်ချက်ဖြစ်သည့်အတွက် တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေး တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအပေါ် အခြေခံ၍ ဖြစ်နိုင်သမျှ အလေးထား ဆောင်ရွက်ရေး။

★ နိုင်ငံတော်၏အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန်၊ ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ရန်နှင့် သဘာဝဘေးအန္တရာယ်များ ကျရောက်ချိန်တိုင်းတွင် ကျရာအခန်းကဏ္ဍများမှ အားသွန်ခွန်စိုက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးရေး။

★ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာစေရေး အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်း၊ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးလှမောင်သိန်းကို ဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပညာရေးဝန်ကြီးဌာန ဆရာအတတ်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်နှင်းကြည်ကို အစမ်းခန့်ကာလ (၁)နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

၃။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဥပဒေရေးရာဝန်ကြီးဌာန၊ တရားစွဲနှင့် အမှုလိုက်ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ယုယုခင်ကို ဥပဒေအသိပညာပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၁၄ - ၃ -၂၀၂၃)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၃၀၀ | ၈,၃၀၀ | ၂၈၂ | ၂,၃၄၀,၆၀၀ |
| MTSH | ၃,၂၅၀ | ၃,၂၅၀ | ၁,၂၆၉ | ၄,၁၂၄,၂၅၀ |
| MCB | ၇,၇၀၀ | ၇,၇၀၀ | ၀ | ၀ |
| FPB | ၁,၆၀၀ | ၁,၆၀၀ | ၅,၀၉၈ | ၈,၁၅၆,၈၀၀ |
| TMH | ၂,၅၅၀ | ၂,၅၅၀ | ၁၀၀ | ၂၅၅,၀၀၀ |
| EFR | ၂,၆၅၀ | ၂,၆၅၀ | ၀ | ၀ |
| AMATA | ၄,၉၀၀ | ၄,၉၀၀ | ၁၇၈ | ၈၇၂,၂၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

### နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် မတ် ၁၄

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၂၁၀၀.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၂၂၄၉.၆ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၃၀၅.၁၂ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၆၀.၈၅၂ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၄၆၈.၀၂ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၅.၄၅၈ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၃၉၆.၇ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၅၅၈.၄ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၅၆၅.၅ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၆၀.၃၇ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် | - ဦးစိုးစိုးနိုင် | အကြီးတန်း သတင်းထောက်များ | - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဦး၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| စာတည်းမှူး | - ဦးဝင်းနိုင် | | |
| စာတည်းများ | - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | အငယ်တန်း သတင်းထောက်များ | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| | | သုတေသန | - ဒေါ်ဇင်မာဝင့် |
| ဘာသာပြန် စာတည်းများ | - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | စာပြင် | - ဒေါ်ခင်သက်မွန်နှင့်အဖွဲ့ |
| | | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဒေါ်မျိုးမျိုးဝင်းနှင့်အဖွဲ့ |
| | | အီးမေးလ်နှင့် အွန်လိုင်း | - ဦးစည်သူလွင်နှင့်အဖွဲ့ |

★ ရှေ့ဖုံးမှ

မြန်မာနိုင်ငံမှထွက်ရှိသည့် သစ်တောထွက်ပစ္စည်းများကို နည်းပညာအသုံးပြု၍ အဆင့်မြင့်ပရိဘောဂပစ္စည်းများ၊ အသုံးအဆောင်ပစ္စည်းများ ထုတ်လုပ်နိုင်မှုနှင့် စက္ကူပျော့ဖတ်များထုတ်လုပ်နိုင်မှုကိစ္စရပ်များ၊ နှစ်နိုင်ငံ တိုက်ရိုက်လေကြောင်း ပို့ဆောင်ရေးလုပ်ငန်းများနှင့် ခရီးသွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်မည့်ကိစ္စရပ်များ၊ မြန်မာနိုင်ငံ၏ သယ်ယူပို့ဆောင်ရေးကဏ္ဍမြှင့်တင်ရေးအတွက် ရုရှားနိုင်ငံအနေဖြင့် သုတေသနပြု ဆောင်ရွက်ပေးမည့်ကိစ္စရပ်များ၊ မြန်မာနိုင်ငံတွင် ရုရှားနိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်နိုင်မည့်ကိစ္စရပ်များနှင့် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်တိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ရှေ့ဆက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာဖြင့် အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရော့စ်ကွန်ဂရက် ရင်းနှီးမြှုပ်နှံမှု ရန်ပုံငွေအဖွဲ့မှ ညွှန်ကြားရေးမှူးတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြပြီး တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်တို့ တက်ရောက်ကြပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရော့စ်ကွန်ဂရက်ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေအဖွဲ့မှ ညွှန်ကြားရေးမှူး Mr. SHATIROV Alexander Sergeevich နှင့်အတူ ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။ သတင်းစဉ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရော့စ်ကွန်ဂရက် ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေအဖွဲ့မှ ညွှန်ကြားရေးမှူး Mr. SHATIROV Alexander Sergeevich တို့ အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြစဉ်။

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရော့စ်ကွန်ဂရက်ရင်းနှီးမြှုပ်နှံမှု ရန်ပုံငွေအဖွဲ့၏ ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် မတ် ၁၄**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရော့စ်ကွန်ဂရက် ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေအဖွဲ့ ညွှန်ကြားရေးမှူး Mr. SHATIROV Alexander Sergeevich ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာနတွင် လက်ခံတွေ့ဆုံသည်။



**ဆွေးနွေး**

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံအကြား ကာလရှည်ကြာဆက်ဆံရေးကောင်းမွန်ပြီး အကျိုးတူ ပူးပေါင်းဆောင်ရွက်နေမှုများ၊ ရထား၊ ရေကြောင်း၊ လေကြောင်း စသောပို့ဆောင်ရေးကဏ္ဍများနှင့် ဆက်သွယ်ရေး ကဏ္ဍတို့တွင် ပူးပေါင်း ဆောင်ရွက်နိုင်မည့် အလားအလာကောင်းများ၊ ခရီးသွားကဏ္ဍ မြှင့်တင်ရေးအတွက် နှစ်နိုင်ငံအကြား တိုက်ရိုက် လေကြောင်းလိုင်းများ တိုးချဲ့ပျံသန်းရေးကိစ္စရပ်များ၊ လျှပ်စစ်ရထား၊ လျှပ်စစ်မော်တော်ယာဉ်များ အသုံးပြုခြင်းနှင့်စပ်လျဉ်း၍ နည်းပညာဆိုင်ရာ ကိစ္စရပ်များ၊ ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍတွင် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးနှင့် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများကို ကျွမ်းကျင်သူပညာရှင်များအကြား အပြန်အလှန် ဆွေးနွေးနိုင်ရေးကိစ္စရပ်များကို ခင်မင်ရင်းနှီးစွာ နှစ်ဖက်အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရော့စ်ကွန်ဂရက် ရင်းနှီးမြှုပ်နှံမှု ရန်ပုံငွေအဖွဲ့မှ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်



# ဓာတ်သတ္တုလုပ်ငန်းများ စနစ်တကျ စီမံခန့်ခွဲနိုင်ရေးအတွက် လိုအပ်သော ကျွမ်းကျင်မှုဆိုင်ရာကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် မတ် ၁၄**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရော့စ်ကွန်ဂရက် ရင်းနှီးမြှုပ်နှံမှု ရန်ပုံငွေအဖွဲ့မှ ညွှန်ကြားရေးမှူး Mr. SHATIROV Alexander Sergeevich ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို ယနေ့မွန်းလွဲ ၃ နာရီခွဲတွင် နေပြည်တော် ရုံးအမှတ်(၂၈) သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံတွင် ဓာတ်သတ္တုလုပ်ငန်းများ စနစ်တကျ စီမံခန့်ခွဲနိုင်ရေးအတွက် လိုအပ်သော နည်းပညာသတင်းအချက်အလက် စုဆောင်းရယူခြင်း၊ ကျွမ်းကျင်မှုကိစ္စရပ်များနှင့် စက္ကူပျော့ဖတ်စက်ရုံတည်ထောင်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ဦးစီးဌာန/လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ တက်ရောက်ကြကြောင်း သိရသည်။

သတင်းစဉ်

## ❍ တောင်သူလယ်သမားများ၏ စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာ အခက်အခဲများ အချိန်နှင့်တစ်ပြေးညီ ဖြေရှင်းနိုင်ရန် စိုက်ပျိုးရေးဦးစီးဌာနမှ Call Centre များဖွင့်လှစ်ခြင်းနှင့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနနှင့် ပူးပေါင်း၍ နှစ်ပတ်တစ်ကြိမ်သွင်းအားစုဈေးနှုန်းများ ထုတ်ပြန်ခြင်းတို့ ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် ဆီထွက်သီးနှံစိုက်ပျိုးသည့် တောင်သူများအနေဖြင့်လည်း ပြည်တွင်းစားသုံးဆီဖူလုံစေရန်နှင့် ဆီထွက်သီးနှံကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် နေကြာသီးနှံစိုက်ဧက ၁ ဒသမ ၅ သန်း တိုးချဲ့စိုက်ပျိုးရေး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိ

❍ ကျောဖုံးမှ

နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ အသင်းအဖွဲ့ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များနှင့် တာဝန်ရှိသူများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေ၏ ရည်ရွယ်ချက်များ အကောင်အထည်ဖော်နိုင်ရေးနှင့် တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေ၊ နည်းဥပဒေပါ ပြဋ္ဌာန်းချက်များအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးတို့အတွက် ယနေ့အစည်းအဝေးကို ကျင်းပရခြင်းဖြစ်ကြောင်း။

လယ်ယာကဏ္ဍသည် နိုင်ငံတော်၏ အမျိုးသားအသားတင်ကုန်ထုတ်လုပ်မှုတန်ဖိုး၏ ၂၃ ဒသမ ၇ ရာခိုင်နှုန်း ပါဝင်နေပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးထွက်ကုန်များသည် ပြည်ပပို့ကုန်တွင် အရေးကြီးသော ပို့ကုန်များဖြစ်ကြောင်း။

### အတည်ပြုပြဋ္ဌာန်း

တောင်သူလယ်သမားများ၏ ရသင့်ရထိုက်သော အခွင့်အရေးများနှင့် အကျိုးစီးပွားများရရှိစေရန် တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကို အတည်ပြုပြဋ္ဌာန်းခဲ့ပြီးဖြစ်ကြောင်း၊ အဆိုပါ ဥပဒေ ပုဒ်မ ၄ အရ တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင်အဖွဲ့ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဦးဆောင်၍ အဖွဲ့ဝင် ၃၉ ဦးဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး လုပ်ငန်းတာဝန်များကို တိကျစွာအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ သက်ဆိုင်ရာလုပ်ငန်းကော်မတီများနှင့် လုပ်ငန်းအဖွဲ့များအနေဖြင့် တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွား မြှင့်တင်ရေးလုပ်ငန်းစဉ်များကို လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေအရ ၂၀၂၂ ခုနှစ် နိုဝင်ဘာလတွင် အခြေခံရည်ညွှန်းစပါးဈေးနှုန်း သတ်မှတ်ထုတ်ပြန်ခဲ့ပြီးဖြစ်ကြောင်း၊ သီးနှံအခြေခံရည်ညွှန်းဈေးနှုန်း သတ်မှတ်ရေးအဖွဲ့ ဖွဲ့စည်းရန် ဆောင်ရွက်လျက်ရှိကြောင်း။

ထို့အပြင် MEB Two Step Loan အစီအစဉ်ဖြင့် စိုက်ပျိုးရေးလုပ်ငန်းများအတွက် ချေးငွေများ ထုတ်ချေးထားရှိကြောင်း၊ မြေလွတ်၊ မြေလပ်၊ မြေရိုင်းနှင့် သစ်တောမြေများတွင် ခွင့်ပြုချက်ရရှိပြီးသူများ ချေးငွေရရှိနိုင်ရေးအတွက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်သွားရန် စီမံပေးထားကြောင်း။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် ဆိုလာစီမံကိန်းများနှင့် ရေလိုအပ်သည့်နေရာများတွင် သင့်လျော်သည့် Solar System ဆောင်ရွက်နိုင်ရေးအတွက် နည်းပညာပိုင်းဆိုင်ရာ အကူအညီများကို ကူညီဆောင်ရွက်ပေးသွားကြရမည် ဖြစ်ကြောင်း။

### ချေးငွေများထုတ်ချေးလျက်ရှိ

အလားတူ တောင်သူလယ်သမားများ၏ စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာ အခက်အခဲများ အချိန်နှင့်တစ်ပြေးညီ ဖြေရှင်းနိုင်ရန် စိုက်ပျိုးရေးဦးစီးဌာနမှ Call Centre များဖွင့်လှစ်ခြင်းနှင့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနနှင့် ပူးပေါင်း၍ နှစ်ပတ်တစ်ကြိမ်သွင်းအားစုဈေးနှုန်းများ ထုတ်ပြန်ခြင်းတို့ ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် ဆီထွက်သီးနှံစိုက်ပျိုးသည့် တောင်သူများအနေဖြင့်လည်း ပြည်တွင်းစားသုံးဆီ ဖူလုံစေရန်နှင့် ဆီထွက်သီးနှံကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် နေကြာသီးနှံစိုက်ဧက ၁ ဒသမ ၅ သန်း တိုးချဲ့စိုက်ပျိုးရေး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ နေကြာစိုက်တောင်သူများအတွက် နိုင်ငံတော်က ကျပ် ၁၀၀ ဒသမ ၂၄၈ ဘီလီယံအား မိုးနှင့်ဆောင်းနေကြာစိုက်ပျိုးရာသီအတွက် ချေးငွေများ ထုတ်ချေးလျက်ရှိကြောင်း၊ ၎င်းအပြင် ပြည်သူလူထု၏ဝတ်ရေးအဆင်ပြေစေရေးနှင့် ပြည်ပမှ ချည်မျှင်နှင့် ဝါဝယ်ယူမှု သွင်းကုန်အစားထိုးရေးနှင့် ဝါသီးနှံ တစ်ဧကအထွက်နှုန်း တိုးတက်ရေး၊ ဝါစိုက်ပျိုးဧရိယာ တိုးချဲ့စိုက်ပျိုးနိုင်ရေး ရည်ရွယ်၍ လေးနှစ်တာ အထူးစီမံကိန်းအနေဖြင့် ဧကနှစ်သိန်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၂၈ ရက်အထိ ၄၅၈၃၈၈ ဧက စိုက်ပျိုးထားရှိကြောင်း၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ပဲတီစိမ်းဧကငါးသိန်းနှင့် နှမ်းစပါးဧက ၈ ဒသမ ၅ သိန်း အတွက်လည်း နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ သုံးစွဲရန် လျာထားဆောင်ရွက်လျက်ရှိကြောင်း။

တစ်ဖက်ကလည်း တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် သဘာဝဘေးအန္တရာယ်ကာကွယ်ရေး လုပ်ငန်းများကို စီမံချက်များ ရေးဆွဲချမှတ်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ သဘာဝဘေးအန္တရာယ်များကြောင့် သီးနှံစိုက်ခင်းများ ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ပါက သင့်တင့်သောထောက်ပံ့ငွေများ ပံ့ပိုးကူညီ ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ပြည်ပပို့ကုန် ဈေးကွက်ဝင်သီးနှံများ ပိုမိုတင်ပို့ရာတွင် Eating Quality ကောင်းမွန်စေသည့် စိုက်ပျိုး/ မွေးမြူရေးထုတ်ကုန်များ တိုးတက်ထုတ်လုပ်နိုင်ရေး တောင်သူလယ်သမားများနှင့် မွေးမြူရေးလုပ်ငန်းရှင်များအား အသိပညာပေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း။

### ရေအသုံးချသူများအဖွဲ့

တောင်သူလယ်သမားများ၏ အကျိုးစီးပွားအခြေခံလိုအပ်ချက်ဖြစ်သည့် စိုက်ပျိုးရေရရှိရေး၊ သောက်သုံးရေရရှိရေးနှင့် ရေကြီးနစ်မြုပ်မှုကြောင့် သီးနှံပျက်စီးခြင်းတို့ ကင်းဝေးစေရန် စနစ်တကျစီမံဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း၊ ဆည်ရေသောက်စနစ်များတွင် ရေသောက်တောင်သူလယ်သမားများဖြင့် ရေအသုံးချသူများအဖွဲ့ (Water Use Group-WUG) များကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိရာ ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်အထိ WUG အဖွဲ့ပေါင်း ၈၈၅၅ ဖွဲ့နှင့် တောင်သူဦးရေ ၂၂၆၉၃၀ ဖွဲ့စည်းနိုင်ခဲ့ပြီး ထိုမှတစ်ဆင့် (Water Use Association-WUA) အသင်း ၁၀ သင်းအထိ တိုးချဲ့ဖွဲ့စည်းလျက်ရှိရာ တစ်နိုင်ငံလုံး ဆည်ရေသောက်စနစ်ခံစားကြရသည့် တောင်သူလယ်သမားများအတွက် ယခုထက်ပိုမို၍ ဖွဲ့စည်းကြရေး လိုအပ်ပါကြောင်း။

လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းနိုင်ရေးအတွက် လယ်ယာသုံး စက်ကိရိယာမျိုးစုံကို လက်ငင်းစနစ်၊ အရစ်ကျစနစ်တို့ဖြင့် ရောင်းချပေးခြင်း၊ ငှားရမ်း ထွန်ယက်ပေးခြင်းတို့ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ စက်မှုလယ်ယာဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်နေသော ပုဂ္ဂလိကအစုအဖွဲ့များကို လယ်ယာဝန်ဆောင်မှုအသင်းများဖြင့် စည်းရုံးဖွဲ့စည်းပေးရန် လိုအပ်ကြောင်း။

### ငါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး

မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုမှတစ်ဆင့် မွေးမြူသူများ ဝင်ငွေတိုးတက်စေရန်၊ မွေးမြူရေးလုပ်ငန်းများအတွက် မြေယာလုပ်ပိုင်ခွင့်ရရှိရန်နှင့် တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများ ပြည်တွင်း၌ သယ်ဆောင်ခြင်း၊ တင်သွင်းခြင်းနှင့် ပြည်ပသို့ တင်ပို့ခြင်းတို့ ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ကျေးလက်ဒေသ ငါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် မြစိမ်းရောင်(ငါးကဏ္ဍ) ကျေးရွာစီမံကိန်းကို ကျေးရွာတစ်ရွာလျှင် ငွေကျပ်သန်း ၃၀ စီဖြင့် ကျေးရွာပေါင်း ၃၉၄ ရွာတွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

ကိုဗစ် - ၁၉ ရောဂါကြောင့် ထိခိုက်ကျဆင်းခဲ့သော ပြည်သူလူထု၏ လူမှုစီးပွားဘဝနှင့် နိုင်ငံ၏ စီးပွားရေးအခြေအနေ ပြန်လည်မြှင့်တင်နိုင်ရန် ကယားပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့သို့ ငွေကျပ် ၁၀ ဘီလီယံစီ၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးသို့ ငွေကျပ် ရှစ်ဘီလီယံစီနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းနှင့် ဒေသကြီးခြောက်ခုသို့ ငွေကျပ်ငါးဘီလီယံစီ စုစုပေါင်းထောက်ပံ့ငွေကျပ် ၁၀၀ ဘီလီယံကို ထောက်ပံ့ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း။

တောင်သူလယ်သမားများ၏ အခွင့်အရေးများနှင့် အကျိုးစီးပွားများကို ကာကွယ်ပေးခြင်း၊ မြှင့်တင်ဆောင်ရွက်ပေးခြင်းသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ချမှတ်ထားသည့် ဦးတည်ချက်များနှင့် မူဝါဒများကို အကောင်အထည်ဖော်ရာရောက်ပြီး ဖြစ်သကဲ့သို့ နိုင်ငံ၏အကျိုးစီးပွားကို ကာကွယ်ပေးခြင်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးနေခြင်းဖြစ်သည့်အတွက် တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်နိုင်ရေး အကောင်အထည်ဖော် ဆောင်ရွက်မည့် နည်းလမ်းများကို ပွင့်လင်းစွာ ဆွေးနွေးကြစေလိုကြောင်း ပြောကြားသည်။

### ရှင်းလင်းတင်ပြ

ထို့နောက် တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင်အဖွဲ့ အတွင်းရေးမှူး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွား မြှင့်တင်ရေး ဦးဆောင်အဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက်ဦးဆောင်အဖွဲ့ အဖွဲ့ဝင်ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ဦးဝင်းရှိန်၊ ဒေါက်တာသီတာဦး၊ ဦးမောင်မောင်အုန်း၊ ဦးလှမိုး၊ ဦးခင်မောင်ရီ၊ ဦးမျိုးမြင့်ဦးနှင့် ဦးအောင်နိုင်ဦး၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးတင်ဦးလွင်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များနှင့် အသင်းအဖွဲ့ဥက္ကဋ္ဌများက တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **သတင်းစဉ်**

**❍ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် သဘာဝဘေးအန္တရာယ် ကာကွယ်ရေးလုပ်ငန်းများကို စီမံချက်များ ရေးဆွဲချမှတ်ဆောင်ရွက်သွားရန် လိုအပ်**

**❍ ပြည်ပပို့ကုန် ဈေးကွက်ဝင်သီးနှံများ ပိုမိုတင်ပို့ရာတွင် Eating Quality ကောင်းမွန်စေသည့် စိုက်ပျိုး/ မွေးမြူရေးထုတ်ကုန်များ တိုးတက်ထုတ်လုပ်နိုင်ရေး တောင်သူလယ်သမားများနှင့် မွေးမြူရေးလုပ်ငန်းရှင်များအား အသိပညာပေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးသွားရမည်**

**❍ မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုမှတစ်ဆင့် မွေးမြူသူများ ဝင်ငွေတိုးတက်စေရန်၊ မွေးမြူရေးလုပ်ငန်းများအတွက် မြေယာလုပ်ပိုင်ခွင့်ရရှိရန်နှင့် တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများ ပြည်တွင်း၌ သယ်ဆောင်ခြင်း၊ တင်သွင်းခြင်းနှင့် ပြည်ပသို့တင်ပို့ခြင်းတို့ ဆောင်ရွက်သွားကြရမည်**

# မြန်မာ့သမိုင်းစဉ်နှင့်ပတ်သက်၍ တူးဖော်သုတေသနများမှ ကြေးခေတ်၊ သံခေတ်ဆိုင်ရာ အထောက်အထားများ ဆွေးနွေးပွဲကျင်းပ



နေပြည်တော် မတ် ၁၄

မြန်မာနိုင်ငံ၏ တစ်ဆက်တစ်စပ်တည်းသော မြန်မာ့သမိုင်းစဉ်ကို ရေးသားပြုစုနိုင်ရန်အတွက် ကြေးခေတ်၊ သံခေတ်ဆိုင်ရာ အထောက်အထား အချက်အလက်များဆွေးနွေးပွဲကို ယနေ့ နံနက် ၁၀ နာရီတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန လောကနတ်ခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

ဆွေးနွေးပွဲသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ ဒုတိယဝန်ကြီး ဒေါ်နုမြဲ၊ အမြဲတမ်းအတွင်းဝန်၊ မြန်မာသမိုင်းအဖွဲ့မှ ပညာရှင်များ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ကိုယ်စားလှယ်များ၊ ပညာရေးဝန်ကြီးဌာနမှ ဘာသာရပ်ဆိုင်ရာပညာရှင်များ၊ ရှေးဟောင်းသုတေသနဆိုင်ရာ ပညာရှင်များ၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနနှင့် သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များနှင့် လက်တွေ့ကွင်းဆင်းတူးဖော်မှု ဆောင်ရွက်နေကြသော အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးက တစ်ဆက်တစ်စပ်တည်းသော မြန်မာ့သမိုင်းစဉ်အတွက် အရေးကြီးသည့် ဆွေးနွေးပွဲဖြစ်သည်နှင့်အညီ တက်ရောက်လာကြသော နယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များနှင့် မျိုးဆက်သစ်ဝန်ထမ်းများလည်း ပါဝင်ဆွေးနွေးစေလိုကြောင်း၊ ၁၉၉၈ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ နိုင်ငံတကာပညာရှင်များနှင့် ပူးပေါင်းတူးဖော် သုတေသနပြုမှုအရ ကွင်းဆက်ပြတ်နေသော ကြေးခေတ်၊ သံခေတ်သည် မြန်မာ့သမိုင်းစဉ်တွင်ရှိခဲ့ပြီး မြန်မာသမိုင်း၏ ခေတ်ကာလအစဉ်အလိုက် အဆင့်ဆင့်ကူးပြောင်းခဲ့သည့် ပြည့်စုံမှန်ကန်သော အထောက်အထားများကိုပြည်သူလူထုအတွက် ဖော်ပြနိုင်မည်ဟု ယုံကြည်ကြောင်း၊ နိုင်ငံတကာ ခေတ်ခွဲခန်းများမှ သုတေသနပြုတွေ့ရှိချက်များနှင့် သက်တမ်းများကိုပါ တိကျစွာရေးသားထားသည့် ခိုင်မာသည့်မှတ်တမ်းအနေဖြင့် ကြေးခေတ်၊ သံခေတ်ကို ရေးသားထားကြောင်း၊ ယခုကဲ့သို့ ဆွေးနွေးပွဲများနှင့် သုတေသနပြုလုပ်ငန်းများသည် လွန်စွာအရေးပါသည့်အလျောက် ဆက်လက်ပူးပေါင်းဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးအောင်အောင်ကျော်နှင့် ပူးတွဲသုတေသနပြုသူ ရန်ကုန်တက္ကသိုလ် ရှေးဟောင်းသုတေသနပညာဌာန ပါမောက္ခ ဒေါ်ကလျာမြတ်မြတ်ထွေးတို့က မြန်မာနိုင်ငံ ကြေးခေတ်၊ သံခေတ်နှင့်ပတ်သက်၍ ကွင်းဆင်း၊ တူးဖော်လေ့လာမှုများမှ တွေ့ရှိချက်တို့ကို စုစည်းပြုစုထားသည့် “မြန်မာ့သမိုင်းမတင်မီခေတ် ကြေးခေတ်၊ သံခေတ်တူးဖော်မှုများမှတွေ့ရှိရသော အထောက်အထားများ” ကိုတင်ပြပြီး ပူးတွဲသုတေသနပြုခဲ့သည့် ရှေးဟောင်းသုတေသနပညာရှင် ဦးပေါက်ပေါက်က ဖြည့်စွက်တင်ပြရာ တက်ရောက်လာသူများက ပြင်ဆင်ဖြည့်စွက်လိုသည်များကို ဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ကျောက်ခေတ်၊ ကြေးခေတ်များနှင့်ပတ်သက်သော အထောက်အထားများ ပိုမိုတွေ့ရှိနိုင်ရန် မတူးဖော်ရသေးသော ဒေသများအား နှစ်စဉ်ဘဏ္ဍာငွေလျာထား၍ သုတေသနလုပ်ငန်း ဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ်များ တစ်ဆက်တစ်စပ်တည်းရှိသော နေရာများကို တူးဖော်သင့်ကြောင်း၊ တူးဖော်မှုလုပ်ငန်းများသည် သမိုင်းကိုကူးပြောင်းရေးသားရန်အတွက် အထောက်အထားဗဟိုပြုသည့်ကောက်ချက်များဖြစ်ရန် လိုအပ်ကြောင်း ပြောကြားကာ ဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်သည်။

သတင်းစဉ်

# ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေ အာဏာသက်ဝင်ခြင်းနှင့် စပ်လျဉ်းသည့် ဆွေးနွေးပွဲအခမ်းအနား ကျင်းပ

ပုသိမ် မတ် ၁၄

ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်ဥပဒေ အာဏာသက်ဝင်ခြင်းနှင့် စပ်လျဉ်းသည့် ဆွေးနွေးပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက ပုသိမ်မြို့ စက်မှုမြို့တော်စီမံကိန်းရုံး ဧရာဟသ်ာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မူပိုင်ခွင့်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမိုးမိုးသွယ်က မြန်မာနိုင်ငံအနေဖြင့် ၂၀၁၉ ခုနှစ်တွင် ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေ၊ စက်မှုဒီဇိုင်း မူပိုင်ခွင့်ဥပဒေ၊ တီထွင်မှု မူပိုင်ခွင့်ဥပဒေနှင့် စာပေနှင့် အနုပညာမူပိုင်ခွင့်ဥပဒေတို့ကို အတည်ပြုပြဋ္ဌာန်းပြီးဖြစ်ကြောင်း၊ အဆိုပါ ဥပဒေ(၄)ရပ်အနက် ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေသည် ၂၀၂၃ ခုနှစ် ဧပြီ ၁ ရက်တွင် အာဏာသက်ဝင်မည်ဖြစ်ကြောင်း၊ ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေကို စတင်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခြင်းဖြင့် ရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်ရေးနှင့် ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်မည် ဖြစ်ကြောင်း ပြောကြားသည်။

**ရှင်းလင်းဆွေးနွေး**

ဆက်လက်၍ မူပိုင်ခွင့်ဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာစိမ့်သန္တာထွန်းက အမှတ်တံဆိပ်မှတ်ပုံတင်ခြင်းဆိုင်ရာများနှင့် စပ်လျဉ်း၍ လည်းကောင်း၊ ညွှန်ကြားရေးမှူး ဒေါက်တာအေးသီရိဝေက အမှတ်တံဆိပ်လျှောက်လွှာများနှင့်ပတ်သက်၍ လည်းကောင်း၊ AYA Bank နှင့် CB Bank တာဝန်ရှိသူများက အမှတ်တံဆိပ် မှတ်ပုံတင်ခြင်းနှင့်စပ်လျဉ်း၍ အခကြေးငွေပေးသွင်းခြင်းဆိုင်ရာ ဘဏ်လုပ်ငန်း ဝန်ဆောင်မှုများနှင့် လုပ်ထုံးလုပ်နည်းများအကြောင်းကိုလည်းကောင်း ရှင်းလင်းဆွေးနွေးခဲ့ပြီး တက်ရောက်လာသူများ၏ မေးမြန်းချက်များအား တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



# ဒုတိယဝန်ကြီးဦးရဲတင့် ရမည်းသင်းခရိုင်နှင့် မိတ္ထီလာခရိုင်ရုံးတို့မှ ဝန်ထမ်းများနှင့်တွေ့ဆုံ

မိတ္ထီလာ မတ် ၁၄

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်သည် ယနေ့ နံနက်ပိုင်းက ရမည်းသင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးသို့ ရောက်ရှိပြီး စာကြည့်တိုက်ကို ကြည့်ရှုစစ်ဆေးကာ ခရိုင်လက်ထောက်ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းများအား တွေ့ဆုံသည်။ ထို့နောက် ခရိုင်ရုံးတွင် စေတနာဆရာမနှင့် ပူးပေါင်းဖွင့်လှစ်ထားသော နွေရာသီဂျပန်စကားပြောသင်တန်း တက်ရောက်နေသည့် ကျောင်းသား ကျောင်းသူများအား တွေ့ဆုံပြီး အသိပညာဗဟုသုတ ရှာဖွေဆည်းပူးရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။

ထို့နောက် ပျော်ဘွယ်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးသို့ ရောက်ရှိပြီး ဝန်ထမ်းများနှင့် တွေ့ဆုံသည်။ ဆက်လက်၍ မြို့နယ်ရုံးတွင် မြို့နယ်ကြက်ခြေနီသူနာပြုတပ်ဖွဲ့နှင့် ညှိနှိုင်းဖွင့်လှစ်ထားသော ရှေးဦးသူနာပြုစုနည်းသင်တန်းကို ကြည့်ရှုပြီး နည်းပြကြက်ခြေနီ သူနာပြုတပ်ဖွဲ့ဝင်များ၊ သင်တန်းသား သင်တန်းသူများအား တွေ့ဆုံ၍ ပညာကို ကြိုးစားသင်ယူရေး၊ လူမှုရေးရာကိစ္စရပ်များတွင် စိတ်ပါဝင်စားရေးနှင့်ပတ်သက်၍ မှာကြားသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် မိတ္ထီလာခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးသို့ ရောက်ရှိပြီး မြို့နယ်မြန်မာ့ရိုးရာသိုင်း ဆပ်ကော်မတီနှင့် ပူးပေါင်းဖွင့်လှစ်ထားသော အခြေခံသိုင်းပညာသင်တန်း၊ အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် ပူးပေါင်းဖွင့်လှစ်ထားသော Fitness Dance သင်တန်းတို့ကို ကြည့်ရှုပြီး သင်တန်းနည်းပြများ၊ သင်တန်းသား သင်တန်းသူ၊ ကျောင်းသား ကျောင်းသူများအား တွေ့ဆုံ၍ ဗလငါးတန်နှင့် ပြည့်ဝသော ပညာတတ်လူတော်လူကောင်းများ ဖြစ်အောင် ကြိုးစားကြရန် မှာကြားသည်။

ထို့နောက် မိတ္ထီလာခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးနှင့် ခရိုင်ရုံးဝန်ထမ်းများ၊ သာစည်မြို့နယ်နှင့် မလှိုင်မြို့နယ်တို့မှ ဦးစီးမှူးများ၊ မြန်မာ့ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံမှူးတို့အား တွေ့ဆုံသည်။

ဒုတိယဝန်ကြီးက ဝန်ထမ်းများနှင့် တွေ့ဆုံစဉ် နွေရာသီကျောင်းပိတ်ရက်ကာလအတွင်း လူငယ်များအတွက် အသိပညာပေးလုပ်ငန်းများနှင့် သင်တန်းများဖွင့်လှစ်သင်ကြားရေး၊ ဝန်ထမ်းသစ္စာအဓိဋ္ဌာန် ခြောက်ချက်နှင့်အညီ ဝန်ထမ်းကောင်းများ ဖြစ်အောင်ကြိုးစားလုပ်ကိုင်ကြရေး၊ နွေရာသီဖြစ်၍ ရုံးအဆောက်အအုံများ မီးဘေးအန္တရာယ် ကာကွယ်ရေးတို့ကို မှာကြားခဲ့သည်။

ခရိုင်(ပြန်/ဆက်)



# လျှပ်စစ်သုံးယာဉ်များအတွက် အားသွင်းစက်များ ရောက်ရှိ

နေပြည်တော် မတ် ၁၄

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် NPK Motor Co.,Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် လျှပ်စစ်သုံးယာဉ် အားသွင်းစက် (EV Charger) 60 KW ငါးစုံသည် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာပါသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်းနှင့် အဆိုပါလျှပ်စစ်သုံးယာဉ် အားသွင်းစက်များ တင်သွင်းမှုအတွက် အကောက်ခွန်ကင်းလွတ်ခွင့်ပြုထားကြောင်း သိရသည်။

သတင်းစဉ်

# မကွေးတိုင်းဒေသကြီး ဧရာဝတီမြစ်အတွင်း ကျက်စားလျက်ရှိသော မြန်မာ့ငါးသလောက်ငါးမျိုးစိတ်များအား ဝိုင်းဝန်းစောင့်ရှောက်ကြပါစို့

နိုင်ဝင်းသိန်း(ငါးဦးစီး)၊ အိသီရိကြွယ်(မကွေးခရိုင်ငါးဦးစီး)

**မြန်မာနိုင်ငံ၏ အဓိကမြစ်ကြီးလေးသွယ်ဖြစ်သည့် ဧရာဝတီ၊ ချင်းတွင်း၊ စစ်တောင်း၊ သံလွင်တို့တွင် ဧရာဝတီမြစ်ကြီးသည် အလျား ၂၁၈၈ ကီလိုမီတာ (၁၄၂၂မိုင်)၊ ဧရိယာ စတုရန်းကီလိုမီတာ ၄၀၄၄၀၀ (၁၅၆၁၀၀ စတုရန်းမိုင်)ရှိ၍ နိုင်ငံ၏ မြောက်ဘက်မှ တောင်ဘက်သို့ စီးဆင်းလျက်ရှိကာ မြန်မာနိုင်ငံ၏ အကျယ်ပြန့်ဆုံးသော ကုန်းတွင်းငါးလုပ်ငန်းရေပြင်အဖြစ်တည်ရှိသည်။**

ထို့အတူ မြစ်ကြောင်းတစ်လျှောက် မြေနိမ့်ရေဝပ်နေရာများရှိအင်းအိုင်များနှင့် တောင်ဘက်တွင် မြစ်၊ ချောင်းလက်တက်များဖြင့် အဆုံးသတ်နေသည့် ဧရာဝတီမြစ်ဝှမ်းဒေသတို့သည် မြန်မာပြည်သူလူထုအတွက် ငါးရိက္ခာများ၊ ပေါကြွယ်ဝသည့် သဘာဝကပေးထားသော လက်ဆောင်များပင်ဖြစ်ပေသည်။

ထိုဧရာဝတီမြစ်ကြီးသည် ရေချိုနေငါး၊ ပုစွန်များ၏ အစားအစာ ရှာဖွေစားသောက်ကြီးထွားရန် စားကျက်ကြီးဖြစ်သကဲ့သို့ မျိုးဆက်တည်မြဲစေရေး မျိုးပွားရန်နှင့် ငယ်ရွယ်စဉ်ဘဝမှ ကြီးပြင်းလာစေရန် အစားအစာနှင့် လုံခြုံမှုကို ပေးစွမ်းလျက်ရှိနေသည်။ ထိုအထဲတွင် အချို့သောမျိုးစိတ်များသည် ယင်းဧရာဝတီမြစ်ကြီး၌ အမြဲမနေထိုင်ဘဲ အစားအစာရရှိရန်နှင့် မျိုးဆက်ပွား သားပေါက်ရန်အတွက်သာ လာရောက်ကြသည်။ ငါးသလောက်သည် ရေငန်တွင် နေထိုင်ကျက်စားပြီး ရေချိုတွင် တက်ရောက်မျိုးပွားသားပေါက်သည့် မျိုးစိတ်တစ်ခုဖြစ်သော်လည်း ယခုငါးသလောက်သားပေါက် တွေ့ရှိရသော ဧရာဝတီမြစ်ရေပြင်သည် ရေငန်ပင်လယ်ပြင်မှ မိုင်ပေါင်း ၄၀၀ ကျော်၊ ကီလိုမီတာ ၆၀၀ ဝေးကွာသည့်နေရာဖြစ်သည့်အတွက် အဆိုပါနေရာများကို ယခုလက်ရှိ သတ်မှတ်ထားသည့် ငါးသလောက်ငါးမျိုးထိန်းသိမ်းရေးဧရိယာနေရာများအပြင် ထပ်မံတိုးချဲ့သတ်မှတ်နိုင်ရန်နှင့် ထိုသို့ မသတ်မှတ်နိုင်သေးသည့်ကာလအတွင်း တင်ဒါလုပ်ငန်းရှင်များနှင့် ရေလုပ်သားများက ငါးသလောက်သားပေါက်များကို မဖမ်းဆီးကြစေရေး ဥပဒေအရ တားမြစ်နိုင်ရန် အရေးကြီးသည်။

### ငါးသလောက်ငါးသည် ရေချို၊ ရေငန်၊ ရေချိုရေငန်စပ်သုံးမျိုးစလုံးတွင် ရွှေ့ပြောင်းနေထိုင်

ငါးသလောက်ငါးများကို ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ ပါကစ္စတန်၊ မြန်မာ၊ ပါရှန်ပင်လယ်ကွေ့၊ တိုက်ဂရစ်နှင့် ယူဖရေးတီးမြစ်ဝှမ်းဒေသ၊ အီရန်နှင့် အီရတ်နိုင်ငံတောင်ပိုင်းတို့၌ တွေ့ရှိနိုင်သည်။ ငါးသလောက်ငါးသည် ရေချို၊ ရေငန်၊ ရေချိုရေငန်စပ် သုံးမျိုးစလုံးတွင် ရွှေ့ပြောင်းနေထိုင်နိုင်ကြသည့် ရေပေါ်ရေလွှာနေ မျိုးစိတ်ဖြစ်သော်လည်း ရေအနက် ၂၀၀ မီတာ၊ အပူပိုင်းဇုန်ဖြစ်သည့် မြောက်လတ္တီတွဒ် ၃၄ ဒီဂရီမှ ၅ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၄၂ ဒီဂရီမှ ၉၇ ဒီဂရီအတွင်းရှိ ရေချို၊ ရေငန်ဒေသများ၌ နေထိုင်ကျက်စားကာ အရွယ်အစား ၆၀ စင်တီမီတာ၊ အလေးချိန် သုံးကီလိုဂရမ်အထက်အထိ ကြီးမားနိုင်သည်။ ၎င်းတို့သည် မျိုးပွားရာသီဖြစ်သော အနောက်တောင်မုတ်သုံလေတိုက်ခတ်သည့် ဇွန်လမှ စက်တင်ဘာလအတွင်းနှင့် ဇန်နဝါရီလမှ ဧပြီလများတွင် ကမ်းရိုးတန်းရေငန်ဒေသများနှင့် ၅၀ ကီလိုမီတာမှ ၁၀၀၀ ကီလိုမီတာအထိ ဝေးကွာသော ရေချိုမြစ်ချောင်းများသို့ ဆန်တက်လာပြီး မိတ်လိုက်မျိုးပွားဥချကြသည်။ ဒေသအတော်များများတွင် ဧပြီလသည် မျိုးပွားမိတ်လိုက်မှုအများဆုံးကာလများဖြစ်ကြသည်။ ရေချိုဒေသ၌ ပေါက်ပွားသည့် ငါးသလောက်သားပေါက်ငယ်များသည် ၁၂ လက်မအရွယ်အထိ တွေ့ရှိရပြီး ယင်းနောက် ရေငန်ဒေသသို့ အစာအတွက် ရွှေ့ပြောင်းကြကြောင်း သိရသည်။ ငါးသလောက်ငါးများကို ilis၊ ilishi၊ hilsa၊ hilsa herring or hilsa shad စသည်ဖြင့် ခေါ်ဝေါ်ကြသည်။ ဘင်္ဂလားပင်လယ်အော်၌ ကျက်စားသည့် ငါးသလောက်မျိုးစိတ်နှစ်မျိုးရှိရာ ငါးသလောက် (Hilsa) နှင့် ငါးသလောက်ယောက်ဖ (Toli shad) တို့ကို တွေ့ရှိရသည်။ ငါးသလောက်ယောက်ဖမှာ အရွယ်သေးငယ်၊ အရိုးများပြီး အရသာမှာ ငါးသလောက်ကဲ့သို့ ကောင်းမွန်မှုမရှိသည့်အတွက် ဈေးကွက်၌ ဈေးကောင်းမရရှိနိုင်ပေ။

### ငါးသလောက်ငါးကို နိုင်ငံတော်ငါးအဖြစ် သတ်မှတ်ခွင့်ရရှိထား

ငါးသလောက်ငါးတို့ နေထိုင်ကျက်စားရာ ဘုံဒေသသည် ဘင်္ဂလားပင်လယ်အော်ဖြစ်သဖြင့်

**ငါးသလောက်ငါးမျိုးများ မျိုးခွဲခြင်း**



**ငါးသလောက်**

| | | |
|---|---|---|
| Kingdom: | - | Animalia |
| Phylum: | - | Chordata |
| Class: | - | Actinopterygii |
| Order: | - | Clupeiformes |
| Family: | - | Clupeidae |
| Genus: | - | Tenualosa |
| Species: | - | *Tenualosa ilisha* |
| Binomial name | - | *Tenualosa ilisha* F. (Hamilton, 1822) |
| Common name | – | Hilsa Shad |



**ငါးသလောက်ယောက်ဖ**

| | | |
|---|---|---|
| Kingdom | - | Animalia |
| Phylum | - | Chordata |
| Class | - | Actinopterygii |
| Order | - | Clupeiformes |
| Family | - | Clupeidae |
| Genus | - | Tenualosa |
| Species | - | *Tenualosa toil* (Valenciennes, 1847) |
| Common name | - | Toli Shad |

၎င်းနှင့်ဆက်စပ်နေသော ဘင်္ဂလားဒေ့ရှ်နိုင်ငံ မက်ဂနာမြစ်ဝှမ်းနှင့် တန်တူလီယားမြစ်ဝှမ်းဒေသများ အပါအဝင် မြစ်ချောင်းပေါင်း ၁၀၀ ကျော်၊ အိန္ဒိယနိုင်ငံ၌ ဂင်္ဂါမြစ်ဝှမ်းဒေသများနှင့် မြန်မာနိုင်ငံ၌ ရခိုင်ကမ်းရိုးတန်းအနီး ကုန်းတွင်းရေချိုမြစ်ချောင်းများ၊ ဧရာဝတီ၊ စစ်တောင်း၊ သံလွင်မြစ်ဝှမ်းမြစ်ကြောင်းဒေသတို့သည် ငါးသလောက်များ ကျင်လည်ကျက်စားရာ ဒေသများအဖြစ်တည်ရှိနေကြသည်။ ထိုအထဲတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ၎င်းတို့၏ ငါးသလောက်ငါးများတည်ရှိမှုကို အချက်အလက်ပြည့်စုံခိုင်မာစွာ သုတေသနပြုနိုင်သည့်အတွက် ငါးသလောက်ငါးကို နိုင်ငံတော်ငါးအဖြစ် သတ်မှတ်ခွင့်ရရှိထားရာ နောင်တစ်ချိန်တွင် မူပိုင်ခွင့်ဥပဒေအရ မြန်မာနိုင်ငံအနေဖြင့်လည်း ငါးသလောက်ငါးများကို မိမိဒေသ၌ နေထိုင်ကျက်စားပေါက်ပွားကြောင်း အထောက်အထားများ ခိုင်မာရန် လိုအပ်မည်ဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် ၂၀၂၂ ခုနှစ်တွင် ငါးသလောက်ငါးမျိုးထိန်းသိမ်းရေး မဖမ်းရဧရိယာများသတ်မှတ်ထားနိုင်ခဲ့ရာ ထိုဧရိယာများသာမက အခြားဒေသများ၌ပါ ငါးသလောက်ငါးများ ကျင်လည်ကျက်စားမှုကို အချက်အလက် စနစ်တကျကောက်ယူပြီး လိုအပ်သည့် ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရန် လိုအပ်သည်။ ထိုသို့ဆောင်ရွက်နိုင်ရန် တိုင်းဒေသကြီး/ ပြည်နယ်များ၌ ငါးသလောက်တွေ့ရှိမှုအခြေအနေကို ပုံမှန်တင်ပြစေခြင်း၊ မျက်ခြည်မပြတ်စောင့်ရှောက်ပေးခြင်းဖြင့် ငါးသလောက်ငါးမျိုးများ ရေရှည်တည်တံ့ရေးကို ဆောင်ရွက်နိုင်မည်ဖြစ်သည်။

### ငါးသလောက်ငါးမျိုးများရှားပါးလာ

ကမ္ဘာ့ငါးသလောက် ထုတ်လုပ်မှု၏ ၆၀ ရာခိုင်နှုန်းသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံဖြစ်၍ မြန်မာနိုင်ငံအနေဖြင့် ၁၅ မှ ၂၀ ရာခိုင်နှုန်း နှစ်စဉ်ထုတ်လုပ်လျက်ရှိသည်။ အရသာကောင်း၊ တန်ဖိုးရှိသည့် ငါးမျိုးစိတ်ဖြစ်သည်နှင့်အညီ တစ်ပိဿာလျှင် ငွေကျပ် ၅၀၀၀၀ အထိ ဈေးပေါက်သည့်အတွက် ဖမ်းဆီးမှုများခြင်း၊ ငါးသလောက်ဥများကို ဈေးကောင်းပေး၍ စားသုံးကြခြင်းတို့ကြောင့် ငါးသလောက်ငါးမျိုးများ ရှားပါးလာသကဲ့သို့ တစ်ဖက်တွင်လည်း မျိုးပွားရန် တက်ရောက်ရာလမ်းကြောင်းများ သောင်ထွန်းခြင်း၊ မသန့်ရှင်းသောရေများ၊ အညစ်အကြေးများ၊ စိုက်ပျိုးရေးသုံး ဓာတုဆေးဝါးများ၊ မျိုးပွားရာသီဖမ်းဆီးခံရခြင်း၊ အရွယ်မရောက်မီ အလွန်အကျွံ ဖမ်းဆီးခံရခြင်းတို့ကြောင့် ငါးသလောက်ငါးမျိုးများ မျိုးပွားဥချ သားပေါက်ရန် တက်ရောက်နိုင်မှု တစ်နှစ်ထက်တစ်နှစ် နည်းပါးလာသည်ကို တွေ့ရသည်။

ငါးသလောက်ငါးသည် တစ်နှစ်လျှင် နှစ်ကြိမ်အထိ သားပေါက်နိုင်ခြင်း၊ အမကြီးတစ်ကောင်လျှင် ဥလုံးရေ နှစ်သန်းအထိပါရှိ၍ တစ်နှစ်၊ နှစ်နှစ်အတွင်း မျိုးပွားနိုင်သည့်အရွယ်သို့ ရောက်ရှိခြင်းတို့ကြောင့် ပြန်လည်ဖြစ်ထွန်းလွယ်သည့် မျိုးစိတ်တစ်ခုဖြစ်သည်။ ဥဥချပြီး တစ်ပတ်အတွင်း ၁ ဒသမ ၅ စင်တီမီတာ၊ တစ်လသားအရွယ်တွင် ၃ ဒသမ ၅ စင်တီမီတာ၊ နှစ်လသားအရွယ်တွင် ခုနစ်စင်တီမီတာအထိ ကြီးထွားနိုင်ကြသည်။ မည်မျှပင်ပေါများကြီးထွားလွယ်သော်လည်း မျိုးသုဉ်းမှုမရှိနိုင်ဟု အာမခံနိုင်မည်မဟုတ်ပါ။

### ငါးသလောက်ထိန်းသိမ်းရေးဇုန်များ သတ်မှတ်

ငါးသယံဇာတ ထိန်းသိမ်းရေးလုပ်ငန်းဆောင်ရွက်ရာတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ငါးသလောက်မဖမ်းရရာသီသည် နှစ်စဉ် စက်တင်ဘာလ ၁၅ ရက်နေ့မှ အောက်တိုဘာလ ၁၅ ရက်နေ့အတွင်းဖြစ်၍ ထိုရက်များတွင် ကုန်းတွင်းမြစ်ချောင်းများအားလုံး၌ ငါးဖမ်းဆီးခွင့် ပိတ်ပင်ထားရှိသည်ကို သိရသည်။ မြန်မာနိုင်ငံတွင်လည်း ၂၀၂၂ ခုနှစ်မှစ၍ ငါးသလောက်ထိန်းသိမ်းရေးဇုန်များ သတ်မှတ်ခဲ့ရာ ဧရာဝတီတိုင်းဒေသကြီး၌ ဇုန် ၁၃ ခု၊ ပဲခူးတိုင်းဒေသကြီးနှင့် မွန်ပြည်နယ် နယ်ခြားစစ်တောင်းမြစ်၌ ဇုန်တစ်ခု၊ ရခိုင်ပြည်နယ် မြေပုံမြို့နယ်၌ ဇုန်တစ်ခု သတ်မှတ်ထားသည်ကို တွေ့ရသည်။ ရခိုင်ပြည်နယ်တွင် ဂွမြို့နယ် ဆတ်သွားချောင်းဧရိယာ၊ အမ်းမြို့နယ်တွင် ကျောက်ပတောင်းမြစ်ကြောင်း၊ ရသေ့တောင်မြို့နယ်တွင် မေယုမြစ်ကြောင်းတို့ကိုလည်း ထိန်းသိမ်းရေးဇုန်များအဖြစ် သတ်မှတ်နိုင်ပါက ပိုမိုကောင်းမွန်စွာဆောင်ရွက်နိုင်မည်ဖြစ်သည်။

မကွေးတိုင်းဒေသကြီးအတွင်း ဧရာဝတီမြစ်သည် တိုင်းဒေသကြီး၏တောင်ဘက် ကံမမြို့နယ်အစပ်မှ မြောက်ဘက် ရေစကြိုမြို့နယ်အထိ ၁၈၅ မိုင်ရှည်လျားပြီး ဧရိယာ စတုရန်းကီလိုမီတာ ၂၀၀၀ ခန့်ရှိရာ အဆိုပါ ရေပြင်အတွင်း ရေချိုငါးမျိုးစိတ်များကို အမျိုးအစားစုံလင်စွာ တွေ့ရှိရသည်။ ထိုသို့တည်ရှိမှုအပေါ် ငါးဖမ်းဆီးရာ၌ တင်ဒါရရှိသူများက ဧရာဝတီမြစ် တင်ဒါကွက်အတွင်း သောင်ဆွဲပိုက် (ဝမ်းပူပိုက်)ကို အဓိကအသုံးပြု ငါးဖမ်းဆီးကြပြီး ဘုံငါးဖမ်းရေလုပ်သားများအနေဖြင့် မျောပိုက်များဖြင့် ငါးဖမ်းဆီးကြသည်ကို တွေ့ရှိရသည်။ ထိုသို့ဖမ်းဆီးကြရာတွင် မျောပိုက်များ၌ အကောင်ကြီးအရွယ်ရောက် ဥကပ်ငါးသလောက်ငါးများကို ဖမ်းဆီးရမိကြပြီး တင်ဒါကွက်ငါးဖမ်းလုပ်ငန်းခွင်၌ အရွယ်မရောက်သေးသည့် ငါးသလောက်ငယ်များအား ဖမ်းဆီးရမိကြသည်ကို တွေ့ရသည်။

စာမျက်နှာ ၇ သို့ ✳

**“ ငါးသယံဇာတထိန်းသိမ်းရေးလုပ်ငန်းဆောင်ရွက်ရာတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ငါးသလောက်မဖမ်းရရာသီသည် နှစ်စဉ် စက်တင်ဘာလ ၁၅ ရက်နေ့မှ အောက်တိုဘာလ ၁၅ ရက်နေ့အတွင်းဖြစ်၍ ထိုရက်များတွင် ကုန်းတွင်းမြစ်ချောင်းများအားလုံး၌ ငါးဖမ်းဆီးခွင့်ပိတ်ပင်ထားရှိသည်ကို သိရသည်။ မြန်မာနိုင်ငံတွင်လည်း ၂၀၂၂ ခုနှစ်မှစ၍ ငါးသလောက်ထိန်းသိမ်းရေးဇုန်များ သတ်မှတ်ခဲ့ရာ ဧရာဝတီတိုင်းဒေသကြီး၌ ဇုန် ၁၃ ခု၊ ပဲခူးတိုင်းဒေသကြီးနှင့် မွန်ပြည်နယ် နယ်ခြားစစ်တောင်းမြစ်၌ ဇုန်တစ်ခု၊ ရခိုင်ပြည်နယ် မြေပုံမြို့နယ်၌ ဇုန်တစ်ခု သတ်မှတ်ထားသည်ကိုတွေ့ရသည်။ ရခိုင်ပြည်နယ်တွင် ဂွမြို့နယ် ဆတ်သွားချောင်းဧရိယာ၊ အမ်းမြို့နယ်တွင် ကျောက်ပတောင်းမြစ်ကြောင်း၊ ရသေ့တောင်မြို့နယ်တွင် မေယုမြစ်ကြောင်းတို့ကိုလည်း ထိန်းသိမ်းရေးဇုန်များအဖြစ် သတ်မှတ်နိုင်ပါက ပိုမိုကောင်းမွန်စွာဆောင်ရွက်နိုင်မည် ”**

✳ စာမျက်နှာ ၆ မှ



၁၇-၁-၂၀၂၃ ရက်တွင် ဦးမျိုးမြင့်ထွန်း၏ မြင်းကင်းတင်ဒါကွက်မှ ရရှိသော ငါးသလောက်သားပေါက်များနှင့် အရွယ်ငယ်ငါးသလောက်များ။

မကွေးမြို့ မြို့ဟောင်းရပ်နေ တင်ဒါသူကြီး ဦးမျိုးမြင့်ထွန်း၏ ပြောပြချက်အရ ဧရာဝတီမြစ်ကြီး၌ ယင်းတင်ဒါကွက်များမှ နှစ်စဉ် ငါးပိသာချိန် ၁၀၀၀၀ ကျော် ထုတ်လုပ်နိုင်ကြောင်း၊ ငါးသေးငါးနုပ်များဖြစ်သည့် ရင်ဘောင်စာအပါအဝင် ငါးမျိုးစိတ် ၁၅ မျိုးခန့် ဖမ်းမိကြောင်း၊ တစ်ခါတစ်ရံတွင် ငါးကျောင်း၊ ငါးတန်၊ ငါးမြင်း၊ ငါးပတ်၊ ငါးလိပ်ကျောက်၊ ငါးမြစ်ချင်းများလည်းဖမ်းမိကြောင်း၊ လက်ရှိတွင် မိမိတို့၏ တင်ဒါကွက်များ၌ ညအချိန် တရားမဝင် ဘက်ထရီရှော့ခ်တိုက် ငါးဖမ်းသမားများက မျောပိုက်များတွင် ကြေးကြိုးများတန်း၍ ရှော့ခ်တိုက်ငါးခိုးမှုများ အုပ်စုလိုက် လုပ်ဆောင်မှုများကြောင့် ငါးဖမ်းမိမှုလျော့နည်းလာကြောင်း သိရသည်။

ငါးသလောက်ငါးနှင့် ပတ်သက်၍ နှစ်စဉ် တန်ဆောင်မုန်းလ(နိုဝင်ဘာ၊ ဒီဇင်ဘာလ)များတွင် မျောပိုက်များဖြင့် ထိမိသည့် ငါးသလောက် ၅၀ သား၊ တစ်ပိဿာခန့်ရှိသည့် ဥပါအကောင်ကြီးများ ဖမ်းဆီးရရှိကြောင်း၊ ထို့နောက် ပြာသိုလ (ဇန်နဝါရီလ)တွင် တစ်လက်မအောက်နှင့် တစ်လက်မအရွယ် ငါးသလောက်သားပေါက်များကို မြစ်ထောင့်ကွေ့ ရေငြိမ်သည့် နေရာများ၌ တွေ့ရှိရကြောင်း၊ တပို့တွဲ၊ တပေါင်း (မတ်၊ ဧပြီ) လများတွင် နှစ်လက်မမှ သုံးလက်မအရွယ် သားပေါက်များကိုတွေ့ရကြောင်း၊ မြစ်ရေကြီးသည့်အချိန်တွေ့ရှိရမှုမရှိကြောင်း၊ သီတင်းကျွတ်၊ တန်ဆောင်မုန်းလများတွင် ခြောက်လက်မအရွယ် ငါးသလောက်ငယ်များကို တွေ့ရှိရကြောင်း၊ ထို့အတူ တန်ဆောင်မုန်းလတွင် ဥကပ်အမများဖြစ်သည့် ၅၀ ကျပ်သား၊ တစ်ပိဿာကျော် အကောင်များကိုလည်း မျောပိုက်များ၌ ထိမိကြောင်း၊ မြစ်ကြောင်းတစ်လျှောက်ရှိ တင်ဒါကွက်များသည် ရေကျချိန် သောင်ထွန်းမှုကြောင့် ရေငြိမ်သည့် တင်ဒါကွက်များပေါ်ထွက်လာရာ ငါးသလောက်သားပေါက်ငယ်များအဖို့ အန္တရာယ်ကိုကာကွယ်ရန်နှင့် အစာရှာဖွေရန် ကောင်းမွန်သည့်အတွက် တွေ့ရှိရခြင်းဖြစ်သည်ဟု ယူဆကြောင်း ပြောကြားသည်။ ငါးသလောက်ငယ်တွေ့ရှိမှုနှင့်ပတ်သက်၍ ယခင်နှစ်က ဆင်ဖြူကျွန်းမြို့နယ် ဇီးကျွန်းသနပ်ကုန်းဘက်တွင် တစ်ရက်တည်း၌ တစ်လက်မ၊ နှစ်လက်မအရွယ် ငါးသလောက်သားပေါက်ပိဿာချိန် ၅၀၀ ခန့်ကို တင်ဒါကွက်များတွင် ထိမိသည်ကို သိရကြောင်း၊ ငါးသလောက်ငယ်များကို မိမိတို့ဒေသသာမက ပခုက္ကူ၊ ရေစကြိုမြို့များနှင့် မြင်းခြံဘက်တွင် တွေ့ရှိရကြောင်း၊ မြင်းခြံတွင် သုံးလက်မအရွယ် ငါးသလောက်သားပေါက် ပိဿာ ၂၀၀ ခန့်ကို အင်းငါးဖမ်းစဉ် သွားရောက်ဝယ်ယူခဲ့ဖူးကြောင်း၊ ငါးသလောက်သားပေါက်များကို အင်းအတွင်း၌လည်း တွေ့ဖူးကြောင်း ပြောကြားသည်။ သရက်မြို့နယ်နှင့် အောင်လံမြို့နယ် အနီးတစ်ဝိုက်ဒေသသည် ရေစီးကြောင်းများ ဖြောင့်တန်းကောင်းမွန်သည့်အတွက် မျောပိုက်များ၌ ငါးသလောက် အထိအမိကောင်းကြောင်း၊ ဥကပ်ငါးသလောက်အမများကို ယင်းဒေသများ၌ ပိုမိုတွေ့ရကြောင်း ပြောကြားသည်။

မကွေးတိုင်းဒေသကြီးအတွင်းရှိ ရေလုပ်သား/အင်း/တင်ဒါသူကြီးများ၏ ငါးသလောက် သားပေါက်များ တွေ့ရှိမှုအခြေအနေကို ပူးတွဲပါဇယားအတိုင်း တွေ့ရှိရသည်။

တွေ့ရှိချက်အရ ဧရာဝတီမြစ်ကြီး၏ မကွေးတိုင်းဧရိယာအတွင်း အများဆုံးတစ်နေ့ပိဿာ ၅၀၀ ခန့်အထိ ဖမ်းဆီးရရှိမှုရှိရာ တစ်ပိဿာလျှင် ကောင်ရေ ၁၀၀၀ ကျော်ပါရှိနိုင်သဖြင့် တစ်နေ့ ဝမ်းပူပိုက်တစ်လက်လျှင် ငါးသလောက်သားပေါက် ကောင်ရေ ၅၀၀၀၀၀ အထိ ထိမိနိုင်ကြောင်း တွေ့ရှိရသည်။ တိုင်းဒေသကြီးအတွင်း ဘုံငါးဖမ်းလုပ်ငန်း၌ ဝမ်းပူပိုက် ၆၅ လက်၊ တင်ဒါငါးဖမ်းကွက် ၁၂၆ ကွက်တို့၌ ဝမ်းပူပိုက်(သောင်ဆွဲပိုက်) ၁၂၆ လက်တို့ဖြင့် ဆောင်ရွက်မှုများကြောင့် ငါးသလောက်သယံဇာတများကို ထိခိုက်စေနိုင်သည်။

လက်ရှိအနေအားဖြင့် မကွေးတိုင်းဒေသကြီးတွင် ငါးသလောက်ငါးကြီးများကို မျောပိုက်များဖြင့်လည်းကောင်း၊ ငါးသလောက်ငါးငယ်များကို သောင်ဆွဲပိုက်များဖြင့်လည်းကောင်း ဖမ်းဆီးနေကြသည်ကို တွေ့ရသည်။ တိုင်းဒေသကြီးအတွင်း မျောငါးဖမ်းပိုက် အလက်ရေ ၁၃၀၀ ကျော်ရှိကာ သောင်ဆွဲပိုက် ၆၅ လက်နှင့် တင်ဒါငါးဖမ်းကွက် ၁၂၆ ခု၌ သောင်ဆွဲပိုက်များရှိသည်ကိုလည်း တွေ့ရသည်။ မျောပိုက်များဖြင့် ငါးဖမ်းဆီးရာ၌ ဇူလိုင်၊ ဩဂုတ်လများသည် မြစ်ရေတိုး၍ ငါးအထိအမိနည်းသဖြင့် ရာသီကိုကြည့်ပြီး ငါးဖမ်းဆီးကြသော်လည်း သီတင်းကျွတ်၊ တန်ဆောင်မုန်းလများတွင် ပိုမိုဖမ်းဆီးကြသည်ကို တွေ့ရသည်။

**ငါးသလောက်သယံဇာတထိန်းသိမ်းရေးလုပ်ငန်း**

ထိုအချိန်တွင် အခြားငါးထက် ငါးသလောက်ငါး ပိုမိုထိမိသည်ဟု သိရသည်။ သောင်ဆွဲပိုက်များမှာမူ မြစ်ရေနည်းပြီး သောင်များ၊ ကျွန်းများပေါ်လာချိန် ဒီဇင်ဘာ၊ ဇန်နဝါရီလများတွင် အဓိကဖမ်းဆီးကြကာ ရေလုပ်သား ၁၈ ဦးခန့်ဖြင့် ငါးဖမ်းဆီးကြရသည်။ သောင်ဆွဲပိုက်များမှာ ပိုက်ကွက်ငါးမူးခန့်သာရှိ၍ ငါးကြီးငါးကောင်းများထက် ငါးသေး၊ ငါးနုပ်များကိုသာ ပိုမိုရရှိသည်။ ထိုငါးသေးငါးနုပ်များနှင့်အတူ တန်ဖိုးရှိလာနိုင်သော ငါးသလောက်သားပေါက်ငယ်များ အုပ်စုလိုက်ပါရှိရာ အလွန်နှမြောစရာကောင်းလှသည်။ ထိုငါးဖမ်းကိရိယာများဖြင့် ငါးဖမ်းဆီးသည့် ရေလုပ်သားများနှင့်တွေ့ဆုံ၍ ငါးသလောက်သယံဇာတထိန်းသိမ်းရေးလုပ်ငန်း ပညာပေးဟောပြောခြင်းကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်ပါက တစ်စုံတစ်ခုသောအတိုင်းအတာအထိ အကျိုးကျေးဇူးရရှိမည်ဖြစ်သည်။

ဧရာဝတီမြစ်အတွင်း ငါးသလောက်ငါးမျိုးစိတ်များ နေထိုင်ကျက်စားမှုအခြေအနေကို လေ့လာတွေ့ရှိမှုအရ ငါးသလောက်ငါးမျိုး ထိန်းသိမ်းရေးအတွက် ဧရာဝတီမြစ်တစ်လျှောက်လုံးကို ငါးမဖမ်းရနယ်မြေအဖြစ် သတ်မှတ်ရန် ခက်ခဲမည်ဖြစ်ရာ နှစ်စဉ် အောက်တိုဘာ၊ နိုဝင်ဘာလများတွင် ငါးသလောက်မျိုးငါးကြီးများကို ကာကွယ်နိုင်ရန်အတွက် မျောပိုက် (ကြာဆံ၊ သုံးထပ်၊ အဏုမြူ)များကို ချထားလုပ်ကိုင်ခွင့်မပြုခြင်း၊ ဇန်နဝါရီ၊ ဖေဖော်ဝါရီ၊ မတ်လများတွင် တင်ဒါကွက်များ၌ ပိုက်ကွက်တစ်လက်မအောက် သောင်ဆွဲပိုက်(ဝမ်းပူပိုက်)များဖြင့် ငါးမဖမ်းဆီးစေခြင်းဖြင့် အတော်အသင့် ထိန်းသိမ်းနိုင်မည်ဖြစ်သည်။ ထို့ပြင် တင်ဒါကွက်များ၌ညအချိန် ရှော့ခ်တိုက်ငါးဖမ်းဆီးမှုများကိုလည်း ထိထိရောက်ရောက် အရေးယူဆောင်ရွက်သင့်သည်။ ထို့အတူ မျောပိုက်၊ သောင်ဆွဲပိုက် အသုံးပြုရေလုပ်သားများနှင့် တင်ဒါလုပ်ငန်းရှင်သူကြီးများအား ပညာပေးဟောပြောခြင်း၊ လိုက်နာဆောင်ရွက်မှု ရှိ၊ မရှိ စိစစ်ခြင်းတို့ကို ဆောင်ရွက်ရန်လိုအပ်မည်ဖြစ်သည်။

**ငါးသလောက်တင်ပို့မှုရာခိုင်နှုန်းမြင့်မားလာ**

သို့မှသာ မိမိတို့နိုင်ငံ၏ တန်ဖိုးရှိ ရေနေသယံဇာတများ မပျောက်ကွယ်ဘဲ ပေါများစွာထုတ်လုပ်နိုင်ပြီး နိုင်ငံခြားပို့ကုန်အဖြစ် လုပ်ဆောင်နိုင်ပါက နိုင်ငံခြားဝင်ငွေ အမြောက်အမြားရရှိနိုင်မည်ဖြစ်ကာ ဘင်္ဂလားဒေ့ရှ်နိုင်ငံကဲ့သို့ ငါးသလောက်တင်ပို့မှု ရာခိုင်နှုန်း မြင့်မားလာစေရေး မကွေးတိုင်းဒေသကြီး၏ ဧရာဝတီမြစ်ဧရိယာအတွင်း ငါးသလောက်မျိုးပွား သားပေါက်ချိန်တွင် တားမြစ်ရာသီ၊ တားမြစ်ဧရိယာများသတ်မှတ်ပေးခြင်း၊ တိတိကျကျလိုက်နာစေခြင်းတို့ကို ဆောင်ရွက်ရန်လိုအပ်မည်ဖြစ်သည်။ ထို့ပြင် မြန်မာနိုင်ငံတွင် ဆောင်ရွက်နေသော ငါးသလောက်ငါးထိန်းသိမ်းရေးဧရိယာများ သတ်မှတ်ရာ၌ တစ်စိတ်တစ်ဒေသအနေဖြင့် ဖြည့်စွက်နိုင်ရန်နှင့် ဆက်လက်၍ တာဝန်ရှိသူ ပညာရှင်များက စနစ်တကျ လေ့လာမှတ်တမ်းတင်ပြီး ငါးသလောက်ငါးသယံဇာတသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ တစ်ခုတည်း၏ နိုင်ငံပိုင်သယံဇာတသာမဟုတ်ဘဲ မြန်မာနိုင်ငံပိုင်ရေသယံဇာတတစ်ခုလည်းဖြစ်ကြောင်း ဖော်ပြရာတွင် အချက်အလက်တချို့အနေဖြင့် ပါဝင်စေရန် ရေးသားတင်ပြအပ်ပါသည်။ ။

| စဉ် | ဖြေကြားသူအမည် | နေရပ် | အများဆုံးတွေ့ရှိနေရာ | အများဆုံးတွေ့ရှိသည့်ကာလ | အရွယ်အစား (လက်မ) | | တစ်နေ့ရရှိကောင်ရေ (ခန့်မှန်း) | |
|---|---|---|---|---|---|---|---|---|
| | | | | | သေး | ကြီး | နည်း | များ |
| ၁ | ဦးမျိုးမြင့်ထွန်း | မကွေး၊မြို့ဟောင်း | မကွေးအနီးတင်ဒါချက်(၆)ခု | ဇန်၊ဖေ | ၀.၅" | ၆" | ၁၀၀ | ၁၀၀၀၀၀ |
| ၂ | ဦးဝမ်းတူး | ရေနံချောင်း၊ရွာပင်ရိုး | ကျမ်းကိုင်ကျွန်းအင်း | ဇန်၊ဖေ | ၀.၅" | ၄-၅" | ၁၀၀ | ၂၀၀၀၀ |
| ၃ | ဦးစိုးသူအောင် | စလင်း၊ဇီးဖြူပင် | တညောင်ကြူတောအင်း | ဇန်၊ဖေ | - | ၆" | - | - |
| ၄ | ဦးမြင့်စိုး | စလင်း၊ရေနား | ပခန်းငယ်၊ဆင်မကျွန်း | မတ်၊ဧပြီ | ၁" | ၂" | ၁၀၀၀ | ၃၀၀၀၀ |
| ၅ | ဦးခင်ဇော် | ပခုက္ကူ | ခွေးတောက်အင်း | မတ်၊ဧပြီ | ၁-၂" | ၄-၆" | ၅၀-၁၀၀ | ၃၀၀၀၀ |
| ၆ | ဦးသိန်းဝင်း | မကွေး၊မြင်ကွန်း | မြင်းကွန်းအနီး၊ဧရာဝတီမြစ် | ဇန်၊ဖေ | ၁-၂" | ၄-၅" | - | - |
| ၇ | ဦးလှမြင့် | ချောက်၊လက်ပန်ကျွန်း | လက်ပန်ကြီးစု၊လက်ကြား | နို၊ဒီ | ၁" | ၂" | ၅၀-၁၀၀ | ၃၀၀၀၀ |
| ၈ | ဦးစိုးနိုင် | ချောက်၊ဆားလယ် | ကျောက်ရဲပေါက်လဲပင် | မတ်၊ဧပြီ | ၁" | ၂" | ၁၀၀ | ၃၀၀၀၀ |

**ကိုးကား**

- **Study of the spawning season of Hilsa, Tenualosa ilisha in Bangladesh, June 2022DOI:10.52168/bjf.2022.34.9**
- **https://en.wikipedia.org/wiki/Ilish**

# စေတနာ့ဝန်ထမ်းမူးယစ်ကြီးကြပ်ရေးမှူးသင်တန်း ဖွင့်လှစ်သင်ကြား

**ရန်ကုန် မတ် ၁၄**

စေတနာ့ဝန်ထမ်း မူးယစ်ကြီးကြပ်ရေးမှူးသင်တန်း (၁/၂၀၂၃) ဖွင့်ပွဲကို ယမန်နေ့နံနက် ၉ နာရီခွဲက ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ မူးယစ်ဆေးဖြတ်ပြီးသူများပြန်လည်ထူထောင်ရေးစခန်း၌ ကျင်းပသည်။

ပြန်လည်ထူထောင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်စွာက မူးယစ်ဆေးဖြတ်ပြီးသူများ မူးယစ်ဆေး ပြန်လည်မသုံးစွဲမိစေရန် စေတနာ့ဝန်ထမ်းကြီးကြပ်ရေးမှူးများ၏ အခန်းကဏ္ဍသည် အလွန်အရေးကြီးကြောင်း အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။ ပြန်လည်ထူထောင်ရေးဦးစီးဌာန မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း(ရန်ကုန်)မှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်ဆွေလှိုင်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

သင်တန်းကို မတ် ၁၃ ရက်မှ ၁၇ ရက်အထိ ငါးရက်ကြာ ဖွင့်လှစ်သွားမည်ဖြစ်ပြီး သင်တန်းသား ၂၀ တက်ရောက်လျက်ရှိကြောင်း သိရသည်။

**လင်းရာမ**



# မြန်မာ့ပဲမျိုးစုံ တန်ဖိုးကွင်းဆက်ကို အားကောင်းစေမည့် လမ်းပြမြေပုံရေးဆွဲခြင်းဖြင့် ကျေးလက်နေလုပ်ကွက်ငယ် ပဲစိုက်တောင်သူများ၏ လူနေမှုဘဝနှင့် လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်လာစေမည်




နေပြည်တော် မတ် ၁၄

မြန်မာ့ပဲမျိုးစုံ တန်ဖိုးကွင်းဆက်မြှင့်တင်ရေး လမ်းပြမြေပုံ မိတ်ဆက်သည့် အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဟိုတယ်ဇုန်ရှိ သင်္ဂဟဟိုတယ်၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်နှင့် ဒုတိယဝန်ကြီးများ ဖြစ်ကြသော ဒေါက်တာအောင်ကြီးနှင့် ဒေါက်တာတင်ထွဋ်၊ SEARCA မှ ညွှန်ကြားရေးမှူး ဒေါက်တာ ဂလန်းဂရီဂိုရီယို၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများနှင့် ကုန်သွယ်ရေးဦးစီးဌာန မြန်မာ့ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့နှင့် စားသုံးသူရေးရာ ဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ စိုက်ပျိုးရေးတက္ကသိုလ် ပါမောက္ခချုပ်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျွမ်းကျင်ပညာရှင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က မြန်မာ့ပဲမျိုးစုံ တန်ဖိုးကွင်းဆက်ကို အားကောင်းစေမည့် လမ်းပြမြေပုံရေးဆွဲခြင်းဖြင့် ကျေးလက်နေလုပ်ကွက်ငယ် ပဲစိုက်တောင်သူများ၏ လူနေမှုဘဝနှင့် လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေမည်ဖြစ်ကြောင်း၊ ဒေသတွင်း စိုက်ပျိုးရေးစားရေရိက္ခာ ဈေးကွက်ရှိ လုပ်ကွက်ငယ်တောင်သူများ ပေါင်းစည်းဆောင်ရွက်နိုင်ရေး၊ အားလုံးပူးပေါင်းပါဝင်သော လယ်ယာကဏ္ဍပြောင်းလဲတိုးတက်ရေးနှင့် ဈေးကွက်ပူးပေါင်းဆောင်ရွက်မှုတို့ကို အထောက်အကူဖြစ်စေမည့် မူဝါဒများ ဖွံ့ဖြိုးလာစေရေးအပြင် အဆိုပါ မူဝါဒများ အကောင်အထည်ဖော်ရာတွင် အဖွဲ့အစည်းဆိုင်ရာ စွမ်းဆောင်ရည်များကို မြှင့်တင်ပေးနိုင်မည်ဖြစ်၍ ပဲမျိုးစုံ တန်ဖိုးကွင်းဆက်မြှင့်တင်ရေးလမ်းပြမြေပုံ ရေးဆွဲရာတွင် ပါဝင်ခဲ့ကြသည့် ပြည်တွင်း၊ ပြည်ပ ပညာရှင်များ၏ စိတ်အားထက်သန်စွာ အားထုတ်ကြိုးပမ်းမှုနှင့် ပံ့ပိုးပေးမှုတို့ကို အထူးကျေးဇူးတင်ရှိကြောင်း၊ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်မှုအပါအဝင် ပဲစိုက်ပျိုးထုတ်လုပ်မှုနှင့် ပဲဈေးကွက်တို့ ပိုမိုပေါင်းစည်းချိတ်ဆက်နိုင်ရေးအတွက် ယခုလမ်းပြမြေပုံပါ ဆောင်ရွက်ရန် လုပ်ငန်းများကို အားလုံးအတူတကွ လက်တွဲဆောင်ရွက်သွားကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ဆက်လက်၍ SEARCA မှ ညွှန်ကြားရေးမှူး ဒေါက်တာ ဂလန်းဂရီဂိုရီယိုက မြန်မာ့ပဲမျိုးစုံ တန်ဖိုးကွင်းဆက်မြှင့်တင်ရေး လမ်းပြမြေပုံကို သုံးသပ်ဆွေးနွေးပြီး စီမံကိန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆွေလင်းက မြန်မာ့ပဲမျိုးစုံ တန်ဖိုးကွင်းဆက်မြှင့်တင်ရေး လမ်းပြမြေပုံနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

**လမ်းပြမြေပုံကိုပေးအပ်**

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်တို့က မြန်မာ့ပဲမျိုးစုံ တန်ဖိုးကွင်းဆက်မြှင့်တင်ရေး လမ်းပြမြေပုံကို ပေးအပ်ကြရာSEARCA ညွှန်ကြားရေးမှူး ၊ သက်ဆိုင်ရာ ဦးစီးဌာနများနှင့် တက္ကသိုလ်များမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ပါမောက္ခချုပ်၊ ကျွမ်းကျင်ပညာရှင်များက လက်ခံရယူကြသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်က နိဂုံးချုပ်စကား ပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် ပဲမျိုးစုံအများဆုံးထုတ်လုပ်တင်ပို့သည့် နိုင်ငံတစ်ခုအဖြစ် ရပ်တည်လျက်ရှိပြီး ပဲမျိုးစုံစိုက်ဧကတာ ၃ ဒသမ ၉၅ သန်းခန့်ရှိကာ ပြည်ပတင်ပို့သည့် စိုက်ပျိုးရေးထုတ်ကုန်များအနက် အများဆုံးတင်ပို့သည့် သီးနှံလည်းဖြစ်သည်။ ၂၀၂၀-၂၀၂၁ ခုနှစ်တွင် ပြည်ပတင်ပို့ကုန် ရရှိငွေစုစုပေါင်း၏ ၃၈ ရာခိုင်နှုန်းခန့်ရှိသည့် အမေရိကန်ဒေါ်လာ ၁ ဒသမ ၅၇ ဘီလီယံခန့်ကို ပဲတင်ပို့မှုမှ ရရှိခဲ့သဖြင့် နိုင်ငံစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပဲစိုက်ပျိုးထုတ်လုပ်သည့် လုပ်ငန်းစဉ်ကွင်းဆက်တစ်လျှောက်တွင် ပါဝင်ပတ်သက်သူအားလုံး အကျိုးစီးပွားဖြစ်ထွန်းစေရေး တိုးမြှင့်ဆောင်ရွက်လျက်ရှိသည်။

**နည်းပညာများပံ့ပိုးကူညီ**

ပဲအခြေခံစိုက်ပျိုးစီးပွားရေးလုပ်ငန်းများဖြင့် ကျေးလက်နေပြည်သူများ၏ လူနေမှုဘဝနှင့် ဝင်ငွေဖန်တီးပေးခြင်းဖြင့် ဆင်းရဲမှုလျှော့ချပြီး လုပ်ကွက်ငယ် ပဲစိုက်တောင်သူများ၏ လူမှုစီးပွား အခြေအနေ တိုးတက်မြင့်မားလာစေရေး၊ မြန်မာနိုင်ငံ၏ ပဲအများဆုံး တင်ပို့ရောင်းချသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည့် အနေအထားကို ထိန်းသိမ်းပြီး ပဲဈေးကွက် ပေါင်းစည်းခြင်းနှင့် ပြည်ပဈေးကွက် ချဲ့ထွင်နိုင်စေခြင်းဖြင့် အရည်အသွေးကောင်းမွန်သော ပဲမျိုးစုံထုတ်လုပ်သည့်နိုင်ငံ ဖြစ်လာစေရေးတို့အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနနှင့် ဆက်စပ်ဌာနများ ပူးပေါင်းဆောင်ရွက်မည့် မြန်မာ့ပဲမျိုးစုံ တန်ဖိုးကွင်းဆက်မြှင့်တင်ရေးလမ်းပြမြေပုံ ဖြစ်ပေါ်လာစေရန် နိုင်ငံတကာစားရေရိက္ခာမူဝါဒသုတေသနအဖွဲ့ (IFPRI) နှင့် အရှေ့တောင်အာရှဒေသဆိုင်ရာ စိုက်ပျိုးရေးပညာနှင့် သုတေသနဌာန (SEARCA) တို့က နည်းပညာများပံ့ပိုးကူညီခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# အဂတိလိုက်စားမှုသည် နယ်ပယ်အသီးသီးမှ ဖွံ့ဖြိုးတိုးတက်မှုများကို အကောင်အထည်ဖော်ရာတွင် အဟန့်အတားတစ်ခုဖြစ်သည့်အတွက် အဂတိကင်းရှင်းသည့် နိုင်ငံ့ဝန်ထမ်းကောင်းများ ဖြစ်ရန်လိုအပ်




နေပြည်တော် မတ် ၁၄

အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်နှင့် ကယားပြည်နယ်အစိုးရအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သည့်အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေးခြင်း အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ အွန်လိုင်းစနစ်ဖြင့် ကျင်းပသည်။

**မှန်မှန်ကန်ကန်သုံးစွဲနိုင်မည်**

ဆွေးနွေးပွဲတွင် ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်က အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအသိပညာပေးဟောပြောပွဲများ ကျင်းပခြင်းဖြင့် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးနှင့် သက်ဆိုင်သည့် အသိအမြင်များ တိုးပွားလာမည်ဖြစ်ကြောင်း၊ အဂတိလိုက်စားမှုများ လျော့နည်းကျဆင်းသွားခြင်းဖြင့် ပြည်သူ့ဘဏ္ဍာများကို နိုင်ငံတော်နှင့် ပြည်သူများ၏ အကျိုးစီးပွား ဖြစ်ထွန်းစေမည့် နေရာများတွင် မှန်မှန်ကန်ကန် သုံးစွဲနိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် အများပြည်သူဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဖြောင့်မတ်တည်ကြည်မှုရှိရန်၊ ပွင့်လင်းမြင်သာစွာဖြင့် မျှတစွာဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ အဂတိလိုက်စားမှုသည် နယ်ပယ်အသီးသီးမှ ဖွံ့ဖြိုးတိုးတက်မှုများကို အကောင်အထည်ဖော်ရာတွင် အဟန့်အတားတစ်ခုဖြစ်သည့်အတွက် အဂတိကင်းရှင်းသည့် နိုင်ငံ့ဝန်ထမ်းကောင်းများဖြစ်ရန်လိုအပ်ကြောင်း၊ သန့်ရှင်းသောအစိုးရ၊ ကောင်းမွန်သော အုပ်ချုပ်ရေးစနစ်တစ်ခုကို အဂတိကင်းရှင်းသည့် နိုင်ငံ့ဝန်ထမ်းများဖြင့်သာ အကောင်အထည်ဖော် တည်ဆောက်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

**တည်ဆောက်နိုင်မည်**

ဆက်လက်၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာငွေးအောင်က ၂၀၂၁ ခုနှစ်၌ ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က “လူမှုအဖွဲ့အစည်းအတွင်း အဂတိလိုက်စားမှုကို လက်မခံသည့် ဖြောင့်မတ်တည်ကြည်မှုရှိသည့် ယဉ်ကျေးမှုတစ်ရပ် ဖြစ်ထွန်းလာစေရန်အတွက် ပြည်သူလူထုတစ်ဦးချင်းစီက အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းတွေမှာ ပါဝင်မှသာ မိမိလုပ်ငန်းခွင်၊ မိမိနေထိုင်ရာ လူမှုပတ်ဝန်းကျင်ကို ရိုးသားဖြောင့်မတ်မှုနှင့် အဂတိကင်းစင်သော လူမှုအသိုက်အဝန်းတစ်ခု တည်ဆောက်နိုင်မည်” ဟု ပြောကြားခဲ့ကြောင်း။

အဂတိလိုက်စားမှုများကို တိုက်ဖျက်ရာတွင် အသိပညာပေးခြင်းနည်းလမ်းသည် အခြေခံကျသည့် နည်းလမ်းတစ်ခုဖြစ်သည့်အတွက် အသိပညာပေးဟောပြောပွဲများ ပြုလုပ်နိုင်ခြင်းသည်နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကောင်းမွန်သည့် အရွေ့တစ်ခု ဖြစ်ကြောင်း၊ နိုင်ငံ့တာဝန်ထမ်းဆောင်နေကြသည့် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် အသိပညာပေးဟောပြောပွဲများမှ အသိအမြင်၊ ဗဟုသုတ၊ ဖြောင့်မတ်တည်ကြည်မှု၊ ကျင့်ဝတ်နှင့် ကိုယ်ကျင့်တရားဆိုင်ရာ အကျိုးကျေးဇူးများရရှိပြီး နိုင်ငံ့တာဝန်ကို ရိုးသားဖြောင့်မတ်စွာ ထမ်းဆောင်ခြင်းဖြင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှုတွင် အုတ်တစ်ချပ် သဲတစ်ပွင့်အဖြစ် ပါဝင်ဆောင်ရွက်ကြစေလိုကြောင်း၊ ကော်မရှင်အနေဖြင့် သန့်ရှင်းသောအစိုးရ၊ ကောင်းမွန်သောအုပ်ချုပ်မှုစနစ်သို့ လှမ်းကိုင်နိုင်ရေးသည် အန္တိမရည်မှန်းချက်ဖြစ်ပါကြောင်း ပြောကြားသည်။

**ဆွေးနွေးပို့ချသွားမည်**

ဆွေးနွေးပွဲသို့ ကယားပြည်နယ် တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ ခရိုင်/ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်များ တက်ရောက်ကြပြီး အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ တာဝန်ရှိသူများက အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာနည်းပညာသင်တန်းကို မတ် ၁၅ ရက်တွင် ကယားပြည်နယ် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit–CPU) မှ အဖွဲ့ဝင်များကို အွန်လိုင်းစနစ်ဖြင့် ဆက်လက်ဆွေးနွေးပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ ၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပဉ္စမနေ့ ရူပဗေဒဘာသာရပ်ဖြေဆိုနေမှုနှင့် စစ်တွေတက္ကသိုလ်တွင် တက္ကသိုလ်ကျောင်းသား ကျောင်းသူများ စာမေးပွဲဖြေဆိုနေမှု လှည့်လည်ကြည့်ရှုအားပေး

နေပြည်တော် မတ် ၁၄

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးထိန်လင်း၊ ပြည်နယ်ဝန်ကြီးများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် စစ်တွေမြို့နယ် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းစာစစ်ဌာန၊ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း စာစစ်ဌာနနှင့် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း စာစစ်ဌာနများသို့ သွားရောက်၍ စာမေးပွဲဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများနှင့် လိုက်ပါပို့ဆောင်ပေးကြသည့် ကျောင်းသားမိဘများနှင့် ရပ်မိရပ်ဖတို့ကို ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။



ယင်းနောက် ၂၀၂၃ နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပဉ္စမနေ့ ရူပဗေဒဘာသာရပ် အေးချမ်းစွာဖြေဆိုနေမှုကို လှည့်လည်ကြည့်ရှုအားပေးကာ တာဝန်ရှိသူများကို ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာဖြေဆိုနိုင်ရေးအတွက် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးကြရန် မှာကြားပြီး အဆိုပါကျောင်းများရှိ တည်ဆောက်နေဆဲ စာသင်ဆောင်များကို ကြည့်ရှုစစ်ဆေးသည်။

ထို့မှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် ရခိုင်ပြည်နယ်ဝန်ကြီးချုပ်နှင့်အတူ စစ်တွေတက္ကသိုလ်သို့ သွားရောက်၍ တက္ကသိုလ်တွင် ကျင်းပနေသည့် ၂၀၂၂-၂၀၂၃ ပညာသင်နှစ် နေ့သင်တန်းစာမေးပွဲ ဖြေဆိုနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ထို့နောက် စစ်တွေတက္ကသိုလ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ တက္ကသိုလ်၏ ဥပစိရပ်ကောင်းမွန်ရေးအတွက် စိမ်းလန်းစိုပြည်ရေးနှင့် သန့်ရှင်းသာယာရေးတို့ကို အလေးထားဆောင်ရွက်ရန်မှာကြားကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ စစ်တွေတက္ကသိုလ်၏ နေ့သင်တန်းစာမေးပွဲတွင် တက္ကသိုလ်ကျောင်းသား ကျောင်းသူ ၆၃၈၄ ဦး ဝင်ရောက်ဖြေဆိုကြကြောင်း သိရသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် စစ်တွေမြို့နယ် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၇)အခြေခံပညာအထက်တန်းကျောင်းများ၊ စက်မှု၊ စိုက်ပျိုးရေးနှင့် မွေးမြူရေး အထက်တန်းကျောင်း ဆောက်လုပ်ရေးလုပ်ငန်းခွင်များသို့ သွားရောက်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် စစ်တွေမြို့ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်း၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) မကျဉ်းမြိုင်၊ ရခိုင်ပြည်နယ်ပညာရေးမှူးရုံး၊ အမှတ်(၄) အခြေခံပညာအလယ်တန်းကျောင်း (ရှုပမြောက်)၊ အခြေခံပညာမူလတန်းကျောင်း (ရှုပမြောက်)၊ အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း၊ အခြေခံပညာမူလတန်းကျောင်း (လမ်းမတော်တောင်)၊ အခြေခံပညာအလယ်တန်းကျောင်း(ကျေးတော)နှင့် အမှတ်(၉) အခြေခံပညာအထက်တန်းကျောင်း(မင်းဂံ)သို့ သွားရောက်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ရခိုင်ပြည်နယ်တွင် ခရိုင် ခုနစ်ခု၊ မြို့နယ် ၁၇ မြို့ရှိ စာစစ်ဌာန ၅၆ ခုတွင် ရူပဗေဒဘာသာရပ် စာမေးပွဲဖြေဆိုရန် ၁၂၃၇၃ ဦး စာရင်းပေးသွင်းကြပြီး ၁၀၈၂၁ ဦး ဝင်ရောက်ဖြေဆိုကြရာ ရာခိုင်နှုန်းအားဖြင့် ၈၇ ဒသမ ၄၆ ရာခိုင်နှုန်းဖြစ်သည်။

ယနေ့ကျင်းပသည့် တက္ကသိုလ်ဝင်စာမေးပွဲ ပဉ္စမနေ့ ရူပဗေဒဘာသာရပ်အား မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ပြည်တွင်းစာစစ်ဌာန ၈၃၈ ခုနှင့် နိုင်ငံခြားစာစစ်ဌာန ငါးခု၊ စာစစ်ဌာန စုစုပေါင်း ၈၄၃ ခုတို့၌ စာမေးပွဲဖြေဆိုရန် စုစုပေါင်း ၁၃၅၅၉၂ ဦး စာရင်းပေးသွင်းကြပြီး ၁၂၂၅၄၄ ဦး ဝင်ရောက်ဖြေဆိုကြရာ ရာခိုင်နှုန်းအားဖြင့် ၉၀ ဒသမ ၃၈ ရာခိုင်နှုန်းဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပဉ္စမနေ့တွင် ရူပဗေဒဘာသာရပ် လာရောက်ဖြေဆိုသူ စုစုပေါင်း ၁၂၂၅၄၄ ဦးရှိ

နေပြည်တော် မတ် ၁၄

၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပဉ္စမနေ့ကို ဆက်လက်ကျင်းပရာ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ရူပဗေဒဘာသာရပ် လာရောက်ဖြေဆိုသူ စုစုပေါင်း ၁၂၂၅၄၄ ဦးရှိကြောင်း သိရသည်။

ယနေ့တွင် နိုင်ငံခြားစာစစ်ဌာန ငါးခုနှင့် ပြည်တွင်း၌ စာစစ်ဌာန ၈၃၈ ခု စာစစ်ဌာန စုစုပေါင်း ၈၄၃ ခု ဖွင့်လှစ်ဖြေဆိုခဲ့ရာ စာမေးပွဲဖြေဆိုရန် စာရင်းပေးသွင်းသူဦးရေ စုစုပေါင်း ၁၃၅၅၉၂ ရှိပြီး စာမေးပွဲ ပဉ္စမနေ့ ရူပဗေဒဘာသာရပ် လာရောက်ဖြေဆိုသူ စုစုပေါင်း ၁၂၂၅၄၄ ဦးရှိကာ ဖြေဆိုသူ ရာခိုင်နှုန်းအနေဖြင့် ၉၀ ဒသမ ၃၈ ရာခိုင်နှုန်းရှိကြောင်း ပညာရေးဝန်ကြီးဌာနမှ သိရသည်။

သတင်းစဉ်

## အခြေခံပညာဦးစီးဌာန

## ၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ တိုင်းဒေသကြီး/ပြည်နယ်အလိုက် ခရိုင်၊ မြို့နယ်၊ စာစစ်ဌာနနှင့် ဖြေဆိုသူဦးရေစာရင်း

ဘာသာရပ်-ရူပဗေဒ ရက်စွဲ၊ ၁၄ - ၃ - ၂၀၂၃

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | ခရိုင်အရေအတွက် | မြို့နယ်အရေအတွက် | စာစစ်ဌာနအရေအတွက် | စာရင်းရှိဦးရေ | | | ဖြေဆိုသူဦးရေ | | | ပျက်ကွက်သူဦးရေ | | | ဖြေဆိုရာနှုန်း | ပျက်ကွက်ရာနှုန်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | ကျောင်းဖြေ | ပြင်ပဖြေ | ပေါင်း | ကျောင်းဖြေ | ပြင်ပဖြေ | ပေါင်း | ကျောင်းဖြေ | ပြင်ပဖြေ | ပေါင်း | | | |
| ၁ | ကချင် | ၆ | ၁၅ | ၃၀ | ၈၃၀ | ၆၂၂၂ | ၇၀၅၂ | ၈၁၃ | ၅၇၂၂ | ၆၅၃၅ | ၁၇ | ၅၀၀ | ၅၁၇ | ၉၂.၆၇% | ၇.၃၃% | |
| ၂ | ကယား | ၃ | ၄ | ၄ | ၈၇ | ၄၉၅ | ၅၈၂ | ၈၇ | ၄၅၈ | ၅၄၅ | ၀ | ၃၇ | ၃၇ | ၉၃.၆၄% | ၆.၃၆% | |
| ၃ | ကရင် | ၆ | ၇ | ၁၃ | ၄၅၆ | ၁၈၂၉ | ၂၂၈၅ | ၄၂၃ | ၁၆၃၉ | ၂၀၆၂ | ၃၃ | ၁၉၀ | ၂၂၃ | ၉၀.၂၄% | ၉.၇၆% | |
| ၄ | ချင်း | ၆ | ၈ | ၁၃ | ၂၂၄ | ၁၂၂၃ | ၁၄၄၇ | ၂၀၃ | ၉၅၁ | ၁၁၅၄ | ၂၁ | ၂၇၂ | ၂၉၃ | ၇၉.၇၅% | ၂၀.၂၅% | |
| ၅ | စစ်ကိုင်း | ၁၄ | ၃၁ | ၅၀ | ၈၅၄ | ၅၆၉၀ | ၆၅၄၄ | ၈၀၂ | ၄၈၄၄ | ၅၆၄၆ | ၅၂ | ၈၄၆ | ၈၉၈ | ၈၆.၂၈% | ၁၃.၇၂% | |
| ၆ | တနင်္သာရီ | ၄ | ၁၀ | ၁၉ | ၉၇၄ | ၂၈၄၉ | ၃၈၂၃ | ၉၂၈ | ၂၆၅၀ | ၃၅၇၈ | ၄၆ | ၂၉၉ | ၃၄၅ | ၉၁.၂၁% | ၈.၇၉% | |
| ၇ | ပဲခူး(ရှေ့) | ၃ | ၁၄ | ၃၂ | ၁၀၇၉ | ၅၁၃၆ | ၆၂၁၅ | ၁၀၃၉ | ၄၆၀၉ | ၅၆၄၈ | ၄၀ | ၅၂၇ | ၅၆၇ | ၉၀.၈၈% | ၉.၁၂% | |
| ၈ | ပဲခူး(နောက်) | ၃ | ၁၄ | ၄၃ | ၈၇၃ | ၄၅၉၉ | ၅၄၇၂ | ၈၄၈ | ၄၁၇၆ | ၅၀၂၄ | ၂၅ | ၄၂၃ | ၄၄၈ | ၉၁.၈၁% | ၈.၁၉% | |
| ၉ | မကွေး | ၇ | ၂၄ | ၅၃ | ၆၆၁ | ၁၀၉၄၇ | ၁၁၆၀၈ | ၆၄၇ | ၉၉၄၆ | ၁၀၅၉၃ | ၁၄ | ၁၀၀၁ | ၁၀၁၅ | ၉၁.၂၆% | ၈.၇၄% | |
| ၁၀ | မန္တလေး | ၁၁ | ၂၈ | ၉၇ | ၃၆၈၉ | ၁၈၀၄၆ | ၂၁၇၃၅ | ၃၅၉၂ | ၁၆၃၇၂ | ၁၉၉၆၄ | ၉၇ | ၁၆၇၄ | ၁၇၇၁ | ၉၁.၈၅% | ၈.၁၅% | |
| ၁၁ | မွန် | ၄ | ၁၀ | ၂၃ | ၁၂၉၉ | ၄၂၆၅ | ၅၅၆၄ | ၁၂၂၈ | ၃၉၃၁ | ၅၁၅၉ | ၇၁ | ၃၃၄ | ၄၀၅ | ၉၂.၇၂% | ၇.၂၈% | |
| ၁၂ | ရခိုင် | ၇ | ၁၇ | ၅၆ | ၂၀၅ | ၁၂၁၆၈ | ၁၂၃၇၃ | ၁၉၈ | ၁၀၆၂၃ | ၁၀၈၂၁ | ၇ | ၁၅၄၅ | ၁၅၅၂ | ၈၇.၄၆% | ၁၂.၅၄% | |
| ၁၃ | ရန်ကုန် | ၁၄ | ၄၅ | ၈၂ | ၁၇၉၇ | ၂၂၇၆၆ | ၂၄၅၆၃ | ၁၇၆၇ | ၂၀၁၂၄ | ၂၁၈၉၁ | ၃၀ | ၂၆၄၂ | ၂၆၇၂ | ၈၉.၁၂% | ၁၀.၈၈% | |
| ၁၄ | ရှမ်း(တောင်) | ၈ | ၂၁ | ၅၆ | ၁၄၇၆ | ၅၈၀၃ | ၇၂၇၉ | ၁၄၄၀ | ၅၂၂၀ | ၆၆၆၀ | ၃၆ | ၅၈၃ | ၆၁၉ | ၉၁.၃၇% | ၈.၆၃% | |
| ၁၅ | ရှမ်း(မြောက်) | ၉ | ၁၇ | ၂၀ | ၈၉၈ | ၂၂၈၇ | ၃၁၈၅ | ၈၅၅ | ၂၀၆၀ | ၂၉၁၅ | ၄၃ | ၂၂၇ | ၂၇၀ | ၉၁.၅၂% | ၈.၄၈% | |
| ၁၆ | ရှမ်း(ရှေ့) | ၇ | ၁၀ | ၁၂ | ၁၃၅ | ၁၀၄၆ | ၁၁၈၁ | ၁၃၀ | ၉၂၂ | ၁၀၅၂ | ၅ | ၁၂၄ | ၁၂၉ | ၈၉.၀၈% | ၁၀.၉၂% | |
| ၁၇ | ဧရာဝတီ | ၈ | ၂၆ | ၁၉၆ | ၁၆၆၄ | ၇၄၇၈ | ၉၁၄၂ | ၁၆၀၈ | ၆၇၅၇ | ၈၃၆၅ | ၅၆ | ၇၂၁ | ၇၇၇ | ၉၁.၅၀% | ၈.၅၀% | |
| ၁၈ | နေပြည်တော် | ၄ | ၈ | ၃၉ | ၂၀၂ | ၅၂၂၀ | ၅၄၂၃ | ၂၀၀ | ၄၇၂၃ | ၄၉၂၃ | ၂ | ၄၉၈ | ၅၀၀ | ၉၀.၇၈% | ၉.၂၂% | |
| ၁၉ | နိုင်ငံခြား | | | ၅ | | ၉ | ၉ | | ၉ | ၉ | | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| | ပြည်ထောင်စုချုပ် | ၁၂၄ | ၃၀၉ | ၈၄၃ | ၁၇၄၀၃ | ၁၁၈၁၈၉ | ၁၃၅၅၉၂ | ၁၆၈၀၈ | ၁၀၅၇၃၆ | ၁၂၂၅၄၄ | ၅၉၅ | ၁၂၄၅၃ | ၁၃၀၄၈ | ၉၀.၃၈% | ၉.၆၂% | |

မှတ်ချက်။ - ဘာသာတွဲ (၈)တွဲ ရှိသည့်အနက် ဘာသာတွဲ (၁၊၅၊၆၊၇၊၈) ရှိ ကျောင်းသားများ ဖြေဆိုကြပါသည်။ ဘာသာတွဲ (၂၊၃၊၄) ဖြေဆိုသည့် ကျောင်းသားများ ရပ်နားပါသည်။

- စာမေးပွဲကျင်းပသည့် ခရိုင်၊ မြို့နယ်နှင့် စာစစ်ဌာနဦးရေသာ ဖော်ပြထားပါသည်။

# နိုင်ငံရေးပါတီတည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်များ လာရောက်လျှောက်ထားလျက်ရှိ

နေပြည်တော် မတ် ၁၄

နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၂၅ အရ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်လိုသော **ခမီအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီနှင့် ညီညွတ်သော တိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီပါတီ (United Nationalities Democracy Party)** တို့သည် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ယနေ့တွင် လာရောက်လျှောက်ထားခဲ့သည်။

ယနေ့အထိ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၃ အရ လျှောက်ထားသော ပါတီ ၆ ပါတီရှိပြီး နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၂၅ အရ လျှောက်ထားသော ပါတီ ၁၇ ပါတီဖြစ်၍ စုစုပေါင်း ၂၃ ပါတီဖြစ်သည်။ ယင်း ၂၃ ပါတီတွင် ပြည်ထောင်စုတစ်ဝန်းလုံး စည်းရုံးမည့်ပါတီ ၅ ပါတီနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တစ်ခုအတွင်း၌သာ စည်းရုံးမည့် ပါတီ ၁၈ ပါတီဖြစ်ပြီး အဆိုပါ ပါတီများကို တည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်ပြုနိုင်ရေး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆက်လက်စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံခရိုင်၊ မင်္ဂလာဒုံမြို့နယ်၊ သဃ်န်းကျွန်းကြီးရပ်ကွက်၊ ကာယ(၁၂)လမ်း၊ အမှတ် (၄/၃၆၁) တွင် ပါတီရုံးချုပ်တည်ရှိသော **လူထုပါတီ (The Party for People)** က နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၂၅ အရ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်မှတ်ပုံတင်ခွင့်ပြုရန် ၁၃-၃-၂၀၂၃ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခု ကြေညာသည့်နေ့မှစ၍ (၇) ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄ (ဃ) အရ အများသိစေရန် ကြေညာအပ်ပါသည်။

**လူထုပါတီ (The Party for People) ၏ အလံပုံစံ**



**လူထုပါတီ (The Party for People) ၏ တံဆိပ်ပုံစံ**



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ အေးသာယာရပ်၊ မြို့ပတ်လမ်း၊ အမှတ် (၁/၈၉) တွင် ပါတီရုံးချုပ်တည်ရှိသော **ရှမ်းနီ(တိုင်းလျှန်)သွေးစည်းညီညွတ်ရေးပါတီ [Shan-Ni Solidarity Party (S.S.P)]** က နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၂၅ အရ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်မှတ်ပုံတင်ခွင့်ပြုရန် ၁၃-၃-၂၀၂၃ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခု ကြေညာသည့်နေ့မှစ၍ (၇) ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄ (ဃ) အရ အများသိစေရန် ကြေညာအပ်ပါသည်။

**ရှမ်းနီ(တိုင်းလျှန်)သွေးစည်းညီညွတ်ရေးပါတီ [Shan-Ni Solidarity Party (S.S.P)] ၏ အလံပုံစံ**



**ရှမ်းနီ(တိုင်းလျှန်)သွေးစည်းညီညွတ်ရေးပါတီ [Shan-Ni Solidarity Party (S.S.P)]၏ တံဆိပ်ပုံစံ**




ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ဘင်္ဂလားပင်လယ်အော်အခြေအနေ

နေပြည်တော် မတ် ၁၄

ဘင်္ဂလားပင်လယ်အော် အလယ်ပိုင်းတွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။ မိုး/ဇလ

## မြန်မာ့ပင်လယ်ပြင်

နေပြည်တော် မတ် ၁၄

လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။ မိုး/ဇလ

# ပြည်ပသင်တန်း၊ အလုပ်ရုံဆွေးနွေးပွဲ၊ အစည်းအဝေးများမှ ပြန်လည်ရောက်ရှိလာသူများ၏ အသိပညာမျှဝေခြင်းအစီအစဉ် ကျင်းပ

နေပြည်တော် မတ် ၁၄

ပြည်ပနိုင်ငံများတွင် သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ အစည်းအဝေးများ တက်ရောက်၍ ပြန်လည်ရောက်ရှိလာသော အရာထမ်းများ၏ အတွေ့အကြုံရှင်းလင်းခြင်း အစီအစဉ်ကို ယနေ့ နံနက်ပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ ဒုတိယဝန်ကြီး ဦးစိုးကြည်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးက ပြည်ပခရီးစဉ်များ သွားရောက်ခဲ့သူများ မိမိတို့လေ့လာခဲ့သည်များကို ပိုမိုနားလည်သိရှိနိုင်စေရန်နှင့် ဝန်ကြီးဌာနမှ တာဝန်ရှိ အကြီးအကဲများအနေဖြင့် နိုင်ငံတကာက ဆောင်ရွက်လျက်ရှိသော လုပ်ငန်းအစီအစဉ်များကို ခေတ်နှင့်အညီသိရှိပြီး လိုက်ပါဆောင်ရွက်နိုင်စေရန်၊ တက်ရောက်လာသူ ဝန်ထမ်းများအနေဖြင့်လည်း ဘာသာရပ်များအကြောင်း သိရှိစေပြီး ဌာနအချင်းချင်း ပိုမိုပူးပေါင်းလုပ်ဆောင်မှု အားကောင်းစေရန်ဖြစ်ပါကြောင်း၊ ဝန်ထမ်းများအနေဖြင့် လုပ်ငန်းဘာသာရပ်ဆိုင်ရာကျွမ်းကျင်မှု၊ ရုံးလုပ်ငန်းကျွမ်းကျင်မှု၊ အင်္ဂလိပ်စာကျွမ်းကျင်မှု၊ ITနည်းပညာများ ကျွမ်းကျင်မှု ရှိရန်လိုပါကြောင်း၊ ရုံးလုပ်ငန်းနှင့် IT ကျွမ်းကျင်မှုရှိစေရန် ဝန်ကြီးဌာနအနေဖြင့် အခြေခံနှင့် အဆင့်မြင့်ကွန်ပျူတာကျွမ်းကျင်မှုသင်တန်းများ ဖွင့်လှစ်ပေးလျက်ရှိပါကြောင်း၊ အထူးသဖြင့် သစ်လွင်ဝန်ထမ်းများအတွက် ITနည်းပညာသာမက ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်မှုရှိစေရန် သင်ကြားပေးလျက်ရှိပါကြောင်း၊ ထို့အတူ ဝန်ထမ်းများအနေဖြင့် အင်္ဂလိပ်စာကျွမ်းကျင်မှုရှိရန်လည်း လိုပါကြောင်း၊ ယခုကဲ့သို့ ပြန်လည် ရှင်းလင်းတင်ပြခြင်းဖြင့် Public Speaking Skill တိုးတက်လာစေမည် ဖြစ်ပါကြောင်း ပြောကြားသည်။

### အတွေ့အကြုံများမျှဝေ

အဆိုပါ အတွေ့အကြုံရှင်းလင်းခြင်းအစီအစဉ်တွင် ထိုင်းနိုင်ငံ၌ Strengthening Disability - Inclusive Disaster Risk Reduction (DIDRR)in the ASEAN Region သင်တန်း တက်ရောက်ခဲ့သည့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူး တစ်ဦး၊ ထိုင်းနိုင်ငံ၌ Ministry of Social Development and Human Security လက်အောက်ရှိ ဂေဟာများတွင် လက်ခံစောင့်ရှောက်ထားသော မြန်မာနိုင်ငံသား လူကုန်ကူးခံရသူများ ပြန်လည်ခေါ်ယူရေးအတွက် လိုအပ်သောလုပ်ငန်းစဉ်များ ဆောင်ရွက်ရန် သွားရောက်ရေးကိစ္စဆောင်ရွက်ခဲ့သည့် ပြန်လည်ထူထောင်ရေးဦးစီးဌာနမှ အရာထမ်းနှစ်ဦးနှင့် စင်ကာပူနိုင်ငံ၌ အာဆီယံ အရေးပေါ်ဆက်သွယ်ရေးကွန်ရက်နှင့် ဆက်သွယ်ရေးစနစ်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်ခဲ့သည့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ အရာထမ်းနှစ်ဦးတို့က ဘာသာရပ်ဆိုင်ရာများ ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများ၊ တက်ရောက်လာသော အရာထမ်း၊ အမှုထမ်းများက သိရှိလိုသည်များ ဆွေးနွေးမေးမြန်းခြင်း၊ အပြန်အလှန် အတွေ့အကြုံများမျှဝေခြင်းတို့ ပြုလုပ်ခဲ့ကြသည်။

အဆိုပါ ပြည်ပနိုင်ငံများတွင် သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ အစည်းအဝေးများ တက်ရောက်၍ ပြန်လည်ရောက်ရှိလာသော အရာထမ်းများ၏ အတွေ့အကြုံ ရှင်းလင်းခြင်းအစီအစဉ်ကို မတ် ၁၅ ရက်အထိ နှစ်ရက်တာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# မော်လမြိုင်ကျွန်းမြို့နယ်တွင် နွေစပါးစံပြကွက်ရိတ်သိမ်းပွဲ အခမ်းအနား ကျင်းပ

မော်လမြိုင်ကျွန်း မတ် ၁၄

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ် မရဲ့အုန်းပင်စုကျေးရွာ၌ နွေစပါး စံပြကွက်ရိတ်သိမ်းပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၁၀ နာရီက အဆိုပါကျေးရွာ စံပြလယ်ယာ ကွင်းအမှတ် (၁၁၈၅) ၌ ဆောင်ရွက်သည်။

အဆိုပါ လုပ်ငန်းဆောင်ရွက်နေမှုကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသီဟဇော်၊ အဖွဲ့ဝင် (၁) ဗိုလ်မှူးမင်းလွင်ဦး၊ အတွင်းရေးမှူး ရဲမှူးမိုးစိန်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမောင်မောင်သွင်နှင့် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်မျိုးချစ်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာအကြီးအကဲများက နွေစပါးစိုက်ကေပြည့်မီရေး၊ အောင်မြင်ဖြစ်ထွန်းမှုအခြေအနေများကို ကွင်းဆင်းကြည့်ရှုကြပြီး မရဲ့အုန်းပင်စုကျေးရွာ တောင်သူဦးတင်အောင်သန်း၏ စံပြလယ်ယာ ကွင်းအမှတ် (၁၁၈၅)၌ စိုက်ပျိုးထားသော နယူးရော (၁) စပါးအမျိုးအစားမှာ တစ်ဧကလျှင် ၂၀၄ တင်းနှုန်း ထွက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# အဋ္ဌမအကြိမ် တိုင်းဒေသကြီးသံဃာ့ဝန်ဆောင်အဖွဲ့၏ (ပဉ္စမ)အစည်းအဝေး ကျင်းပ



**မန္တလေး မတ် ၁၄**

အဋ္ဌမအကြိမ် မန္တလေးတိုင်းဒေသကြီးသံဃာ့ဝန်ဆောင်အဖွဲ့၏ (ပဉ္စမ)အစည်းအဝေး အခမ်းအနားကို မဟာအောင်မြေမြို့နယ်ရှိ မစိုးရိမ်တိုက်သစ်၊ ဓမ္မမဟိဒ္ဓိလေးထပ်ကျောင်းဆောင်တွင် ယနေ့နံနက်ပိုင်းက ကျင်းပရာ မန္တလေးတိုင်းဒေသကြီးသံဃနာယကအဖွဲ့ဥက္ကဋ္ဌ(သုဓမ္မာ)မစိုးရိမ်တိုက်သစ်ဓမ္မဂါရဝကျောင်းဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တတိက္ခိန္ဒြိယာဘိဝံသ အမှူးပြုကာ တိုင်းဒေသကြီး သံဃာ့ဝန်ဆောင်ဆရာတော်များ ကြွရောက်ခဲ့ကြသည်။

**မိန့်ကြားတော်မူ**

အစည်းအဝေးတွင် မန္တလေးတိုင်းဒေသကြီးသံဃနာယကအဖွဲ့ ဩဝါဒါစရိယ ရမည်းသင်းမြို့နယ် ရန်အောင်မင်းကျောင်းဆရာတော် ဘဒ္ဒန္တနန္ဒောဘာသက ဩဝါဒကထာချီးမြှင့်ပြီးနောက် အစည်းအဝေး၏သဘာပတိ မန္တလေးတိုင်းဒေသကြီးသံဃနာယကအဖွဲ့ဥက္ကဋ္ဌ (သုဓမ္မာ)မစိုးရိမ်တိုက်သစ်ဓမ္မဂါရဝကျောင်းဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တတိက္ခိန္ဒြိယာဘိဝံသက သာရဏီယ ဩဝါဒကထာ မိန့်ကြားတော်မူခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်က သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဝန်ကြီးများက ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ သံဃနာယကဆရာတော်ကြီးများအား နဝကမ္မဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းကာ အစည်းအဝေးကို အစီအစဉ်အတိုင်းဆက်လက်ကျင်းပခဲ့ပြီး ဇယန္တောဗောဓိယာမူလေ စသော နှစ်ဂါထာကိုရွတ်ဆို၍ အစည်းအဝေးကို အောင်မြင်စွာရုပ်သိမ်းခဲ့သည်။

ထို့ပြင် မတ် ၁၃ ရက်တွင် မန္တလေးမြို့၌ ၂၀၂၃ ခုနှစ် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ကို စည်ကားသိုက်မြိုက်ပျော်ရွှင်စွာ ဆင်နွှဲသွားနိုင်ရေး တတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး သုံးထပ်ဆောင်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေး၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က သင်္ကြန်ပွဲတော်တွင် မြို့မိမြို့ဖများ အေးချမ်းပျော်ရွှင်စွာဆင်နွှဲနိုင်ရေး အလေးထားဆောင်ရွက်နေကြောင်း၊ ကျုံးတောင်ဘက်ခြမ်း ၂၆ လမ်း၊ ၆၆ လမ်းမှ ၇၈ လမ်းအထိ လမ်းလျှောက်သင်္ကြန်ပွဲတော်အဖြစ် ဗဟိုမဏ္ဍပ်အပါအဝင် မန္တလေးနန်းမြို့ ကျုံးပတ်လည်နှင့် မြို့တွင်း သင်္ကြန်ရေကစားမဏ္ဍပ်များ၊ စတုဒိသာ ညှော်ခံရေးမဏ္ဍပ်များအတွက် နေရာများချထားပေးပြီးဖြစ်ကြောင်း၊ မဏ္ဍပ်များဆောက်လုပ်ရာတွင် သတ်မှတ်စည်းကမ်းချက်များနှင့်အညီ တည်ဆောက်သွားကြရမည်ဖြစ်ကြောင်း၊ မိသားစုလိုက်၊ အဖွဲ့လိုက် မည်သည့်အခွန်အခမျှ ပေးသွင်းရန်မလိုဘဲ ရေစုပ်စက်များဖြင့် ရေကစားနိုင်ရန်နေရာများလည်း စီစဉ်ထားကြောင်း၊ သင်္ကြန်ပွဲတော်အားစည်ကားသိုက်မြိုက်စွာကျင်းပရေး လုပ်ငန်းများဆောင်ရွက်ရာ၌ လစ်ဟာမှုမရှိစေရေး အသိသတိတို့ဖြင့် အားလုံးစည်းစည်းလုံးလုံး ပေါင်းစပ်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

၎င်းနောက် တိုင်းဒေသကြီး အဆင့်ဌာနဆိုင်ရာများနှင့် လုပ်ငန်းကော်မတီများအလိုက် တာဝန်ရှိသူများက တင်ပြဆွေးနွေးကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က တင်ပြဆွေးနွေးမှုများအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ နည်းပညာတက္ကသိုလ်(ဟင်္သာတ) ကြည့်ရှုစစ်ဆေး

**ဧရာဝတီ မတ် ၁၄**

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျသည် မတ် ၁၂ ရက်တွင် နည်းပညာတက္ကသိုလ်(ဟင်္သာတ)ကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် ဒုတိယဝန်ကြီးက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားထားရသော အင်ဂျင်နီယာများကို စဉ်ဆက်မပြတ် မွေးထုတ်သွားရန်၊ ခေတ်မီသင်ကြားသင်ယူစနစ်များဖြင့် လည်ပတ်ဆောင်ရွက်ရန်၊ တက္ကသိုလ်ဥပဓိရုပ်ကောင်းမွန်ရေး အလေးထားဆောင်ရွက်ရန် တိုက်တွန်းမှာကြား၍ ဆရာများနှင့် ကျောင်းသားများ၏ အခက်အခဲတင်ပြမှုများအပေါ် ညှိနှိုင်းဖြည့်ဆည်းပေးပြီး ဂုဏ်ပြုလက်ဆောင်များကို ပေးအပ်ကာ ကျောင်းသားများကို ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။ ထို့နောက် ဒုတိယဝန်ကြီးသည် စာကြည့်တိုက်ကို စစ်ဆေးခဲ့ပြီး ခေတ်မီစာကြည့်တိုက်ဖြစ်စေရေးနှင့် ဆရာများ၊ ကျောင်းသားများ စာကြည့်တိုက်ကို ပိုမိုအသုံးပြုကြစေရေး အလေးထားဆောင်ရွက်ရန် မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် အီလက်ထရောနစ်အင်ဂျင်နီယာဌာနတွင် ကျောင်းသားများက ပုံစံငယ်များ စမ်းသပ်တည်ဆောက်၍ သုတေသနပြုဆောင်ရွက်လျက်ရှိသော စက်မှုလုပ်ငန်းသုံး ထိန်းချုပ်စနစ်များ၊ ကွန်ပျူတာပရိုဂရမ်ထိန်းချုပ်ကိရိယာ(PLC)သုံး စက္ကူဖြတ်စက်နှင့် ထုပ်ပိုးစနစ်၊ အလိုအလျောက် ကော်ဖီဖျော်စက်၊ အာဒွီနိုသုံး Greenhouse စောင့်ကြည့်ထိန်းချုပ်စနစ်နှင့် ရေအရည်အသွေး စမ်းသပ်စနစ်များကို လည်းကောင်း၊ လျှပ်စစ်စွမ်းအား အင်ဂျင်နီယာဌာနရှိ စက်ထိန်းချုပ်ရေး လက်တွေ့ခန်းများကို လည်းကောင်း၊ မြို့ပြအင်ဂျင်နီယာဌာနရှိ Fluid Lab နှင့် Water Resource Lab များကို လည်းကောင်း၊ စက်မှုအင်ဂျင်နီယာဌာနရှိ Strength Lab ကို လည်းကောင်း လှည့်လည်စစ်ဆေးပြီး လိုအပ်သော လက်တွေ့ကိရိယာများအား ဖြည့်ဆည်းထားရှိရန်၊ အရည်အချင်းရှိသော ကျောင်းသားများကို စနစ်တကျမြေတောင်မြှောက်ပေးရန်၊ ဆန်းသစ်တီထွင်မှုများ မြင့်မားလာစေရေးနှင့် ပြည်သူ့လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် MSME လုပ်ငန်းများတွင် သုတေသနရလဒ်များအား အကျိုးရှိစွာ အသုံးချနိုင်စေရေး အလေးထားဆောင်ရွက်ရန် မှာကြားပြီး ဆောင်ရွက်လျက်ရှိသော တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



သက်ရှိကမ္ဘာရှင်သန်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့

# ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် မတ် ၁၄**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

**ဆက်ကပ်လှူဒါန်း**

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်ရှိ သီရိရတနာကျောင်းတိုက်၊ ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်ရှိ ဓမ္မရက္ခိတဝန်းသိုကျောင်းတိုက်၊ ရခိုင်ပြည်နယ် စစ်တွေမြို့နယ်ရှိ ကျားရုပ်ပရိယတ္တိစာသင်တိုက်၊ ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ်ရှိ ရွှေလှိုင်ပရိယတ္တိစာသင်တိုက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ရှိ ရှင်မတောင်ကျောင်းတိုက်၊ မင်္ဂလာဒုံမြို့နယ်ရှိ မြစကြာကျောင်းတိုက်နှင့် ရွှေပြည်သာမြို့နယ်ရှိ လိုတရဟင်္သာတကျောင်းတိုက်၊ ရှမ်းပြည်နယ် ကျိုင်းတုံမြို့နယ်ရှိ ခြေတော်ရာကျောင်းတိုက်တို့သို့ ဆွမ်းဆန်တော်များကို လည်းကောင်း၊ မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်ရှိ အောင်မြေရတနာကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်ရှိ စက်မှုမစိုးရိမ် ကျောင်းတိုက်နှင့် အောင်မြေသာစံမြို့နယ်ရှိ အရှေ့ခင်မကန်ကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ်ရှိ ကွင်းကျောင်း ပရိယတ္တိစာသင်တိုက်၊ ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်ရှိအေးစေတီကျောင်းတိုက်နှင့် လားရှိုးမြို့နယ်ရှိ မန်ကောင်းကျောင်းတိုက်တို့သို့ ဆန်ကြာဆံများကို လည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



# နယ်စပ်ရေးရာဝန်ကြီးဌာနက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲများ ဆက်ကပ်လှူဒါန်း

**ကျိုက်မရော မတ် ၁၄**

နယ်စပ်ရေးရာ ဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မွန်ပြည်နယ်အတွင်း ဘုန်းတော်ကြီးကျောင်းများရှိ သံဃာတော်များ ဆွမ်းကွမ်းအဆင်ပြေစေရေးအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး ဆက်ကပ်လှူဒါန်းလျက်ရှိရာ မွန်ပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ညွှန်ကြားရေးမှူး ဦးဉာဏ်မျိုးနှင့် ဝန်ထမ်းများသည် ယနေ့နံနက်ပိုင်းတွင် ကျိုက်မရောမြို့ ထားဝယ်ကျောင်းတိုက်ဆရာတော်ကြီးထံသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆားနှင့် ကုလားပဲများ ဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။

**ကြေးမုံ**



# ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဌာနဆိုင်ရာ အရာရှိကြီးများအတွက် ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းနှင့်စပ်လျဉ်း၍ အသိပညာပေးအလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

ရန်ကုန် မတ် ၁၄

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် ကော်မရှင်ဥပဒေပုဒ်မ ၂၂ (က)ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အများပြည်သူ၏ လူ့အခွင့်အရေး အသိပညာမြင့်မားလာစေရေးအတွက် သတင်းအချက်အလက်များဖြန့်ချိခြင်း၊ ပညာပေးခြင်းလုပ်ငန်းများကို နည်းလမ်းမျိုးစုံဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့်နည်းတူ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း (၇၅) နှစ်မြောက် အခါသမယဖြစ်သဖြင့် လူ့အခွင့်အရေးမြှင့်တင်ပညာပေးရေးလုပ်ငန်းများကိုလည်း အရှိန်အဟုန် မြှင့်တင်ဆောင်ရွက်လျက်ရှိရာ "ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းပါ အခွင့်အရေးများနှင့် စပ်လျဉ်းသည့် အသိပညာပေး အလုပ်ရုံဆွေးနွေးပွဲ" ကို ရန်ကုန်မြို့ရှိ Lotte Hotel ၌ ယနေ့နံနက် ၉ နာရီက ကျင်းပသည်။



အဆိုပါ အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အလုပ်ရုံဆွေးနွေးပွဲတွင် ပါဝင်ဆွေးနွေးကြမည့် အရာရှိကြီးများ တက်ရောက်ခဲ့ကြပြီး ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်ဥက္ကဋ္ဌ ဦးလှမြင့်က မိတ်ဆက်စကား ပြောကြားသည်။

ယင်းနောက် အလုပ်ရုံဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်ခိုင်ဝင်းက ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းနှင့် သက်ဆိုင်သည့် မှတ်တမ်းဗီဒီယိုများ ပြသ၍ ကြေညာစာတမ်းအား ဆွေးနွေးမိတ်ဆက်ခဲ့ပြီး ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းပါ အခွင့်အရေးများနှင့် စပ်လျဉ်း၍ ကော်မရှင်ရုံးမှ ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူးနှင့် ညွှန်ကြားရေးမှူး ဦးအာကာဟိန်းစိုးတို့က ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

ထို့နောက် ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်ခိုင်ဝင်းက အလုပ်ရုံဆွေးနွေးပွဲတွင် ဆွေးနွေးခဲ့သည့် အကြောင်းအရာအပေါ် အနှစ်ချုပ် ပြန်လည်ဆွေးနွေးခဲ့ပြီး တက်ရောက်လာသော အရာရှိများက သိရှိလိုသည့် မေးခွန်းများကို မေးမြန်းခဲ့ကြရာ သက်ဆိုင်ရာ တာဝန်ရှိသူများက ကဏ္ဍအလိုက် ပြန်လည်ဖြေကြားခဲ့ကြသည်။

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အနေဖြင့် ယခုကဲ့သို့သော အလုပ်ရုံဆွေးနွေးပွဲများ ပြုလုပ်ဆောင်ရွက်ခြင်းအားဖြင့် နိုင်ငံတော်၏ လူ့စွမ်းအားအရင်းအမြစ်များအတွင်း လူ့အခွင့်အရေး အသိပညာတိုးပွားလာခြင်းနှင့်အတူ ပြည်သူများအနေဖြင့် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များတွင် လူ့အခွင့်အရေးအခြေခံဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်မည်ဖြစ်သည်။

သတင်းစဉ်

# သထုံခရိုင် ပြည်သူ့စာကြည့်တိုက်ရှိ လူထုအခြေပြုဗဟိုဌာနခန်းမ၌ အခြေခံပန်းချီသင်တန်း ဖွင့်လှစ်

သထုံ မတ် ၁၄

မွန်ပြည်နယ် သထုံခရိုင် ပြည်သူ့စာကြည့်တိုက်ရှိ လူထုအခြေပြုဗဟိုဌာနခန်းမ၌ ယနေ့နံနက်ပိုင်းက ကျောင်းသား ကျောင်းသူများ နွေရာသီကျောင်းပိတ်ရက်ကို အကျိုးရှိစွာအသုံးချနိုင်ရေး အခြေခံပန်းချီရေးဆွဲနည်းသင်တန်း ပြုလုပ်သည်။

သင်တန်းဖွင့်ပွဲတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန သထုံခရိုင်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှလှဌေးက လူငယ်များ နွေရာသီကျောင်းပိတ်ရက်တွင် ကာယ ဉာဏစွမ်းရည် ဘက်စုံဖွံ့ဖြိုးတိုးတက်ကာ အနာဂတ်၏ နိုင်ငံ့သားကောင်းများ ဖြစ်လာစေရေး ရည်ရွယ်ကာ သင်တန်းကို ဖွင့်လှစ်ပေးရခြင်းဖြစ်ကြောင်း ပြောကြားသည်။



ယင်းနောက် သင်တန်းနည်းပြ ပန်းချီပညာရှင် ဦးအောင်ဆန်းက အခြေခံပန်းချီပညာရပ်ကို နားလည်ပြီး ကြံဆရေးဆွဲနိုင်ခြင်းဖြင့် ကျောင်းသား ကျောင်းသူများ ပညာရေး၊ ကာယဉာဏဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အသုံးဝင်မှုများနှင့် ပန်းချီပညာရပ်၏ အကျိုးကျေးဇူးများ၊ နှစ်စဉ် နွေရာသီကျောင်းပိတ်ရက်ကာလများတွင် အခြေခံပန်းချီသင်တန်း ဖွင့်လှစ်ပေးနေမှုများကို ရှင်းလင်းပြောကြားပြီး သင်တန်းကို ဆက်လက်ပို့ချပေးရာ ကျောင်းသား ကျောင်းသူများက စိတ်ပါဝင်စားစွာ လေ့လာသင်ယူကြသည်။

အဆိုပါသင်တန်းသို့ ကျောင်းသား ကျောင်းသူ လူငယ် ၂၀ တက်ရောက်ကြပြီး ပန်းချီပညာရှင် နည်းပြ နှစ်ဦးက အခြေခံပန်းချီ စနစ်တကျ ရေးဆွဲနည်းကို နှစ်ပတ်ကြာ အခမဲ့သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# ဆီဆိုင်မြို့နယ် ထီရီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေများ အငှမအကြိမ် ထုတ်ချေး

ဆီဆိုင် မတ် ၁၄

ရှမ်းပြည်နယ် (တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လွတ်ပွတ်ကျေးရွာအုပ်စု ထီရီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေများ အငှမအကြိမ် ထုတ်ချေးခြင်း အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် တာဝန်ရှိသူများက အဆိုပါကျေးရွာ၌ ကျင်းပခဲ့ကြောင်း သိရသည်။



ရှေးဦးစွာ ဆီဆိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထျာရယ်က ကျေးရွာရှိ ရပ်မိရပ်ဖများ၊ မြစိမ်းရောင် အသင်းသူ အသင်းသားများ၊ ကျေးရွာစီမံကိန်း လုပ်ငန်းကော်မတီ အဖွဲ့ဝင်များနှင့် တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာ စီမံကိန်း၏ ရည်ရွယ်ချက်များ၊ စီမံကိန်း ဆောင်ရွက်ရခြင်း၏ အကျိုးကျေးဇူးများ၊ လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံ ဒေါ်ထက်ထက်ဝင်းဖေနှင့် ဝန်ထမ်းများက အတိုးနှုန်းနှင့်ကာလ သတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းဆွေးနွေးပြီး မြို့နယ်ဦးစီးမှူးက ထီရီးကျေးရွာရှိ မြစိမ်းရောင် ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ကျပ် ဖိ၀၃ သိန်း လွှဲပြောင်းပေးအပ်ခဲ့သည်။

၂၂၂

## မြစိမ်းရောင်လမ်း

❖ မြစိမ်းရောင် ကျေးရွာများလို့
ကျော်ကြားလို့ ထင်ရှားစည်။

❖ နည်းမှန်မှန်နဲ့
သီးနှံတွေ အထွက်တိုးပါလို့
အဆင်ပြေ ဝင်ငွေတိုးရအောင်
အမျိုးမျိုး အထွေထွေပေါ့
"ကျေးလက်မြေ ကြီးပွားရေး
ကျေးလက်မြေ စီးပွားရေး
ကျေးလက်မြေ ပညာရေး
ကျေးလက်မြေ ကျန်းမာရေး
ကျေးလက်မြေ လူမှုရေး
ကျေးလက်မြေ ဖွံ့ဖြိုးရေး
လမ်းပန်းသာ ဆက်သွယ်ရေးရယ်နဲ့
သောက်သုံးရေ ဖူလုံရေး ....."တို့ကို
အလေးပေး ဖော်ဆောင်နေတော့
ကျေးလက်မြေ ဝေစည်ဖြိုးကာ
တိုးတက်နေသည်။

❖ ဘဝငြိမ်းအောင် တည်ထောင်ပေးနေတဲ့
မြစိမ်းရောင် အမည်တဘောင်မွှေးပါပေ့
ရည်ဆောင်အတွေး နောင်အရှည်မျှော်လို့
အကောင်အထည်ဖော် စီမံကိန်းပါပဲ
တစ်သဝေမတိမ်း ဆောင်ရန်မှုနဲ့
အောင်လံထူ ခေတ်အစဉ်ကောင်းရအောင်
အသစ်အသွင်ပြောင်း စေတနာယှဉ်တော့
အကြေအညာတစ်ခွင် ပြည်ရွာတစ်လျှောက်မှာလည်း
ပဒေသာပင် မြေမှာပေါက်ပါလို့
ရွှေခေတ်ရောက် ရွှေခေတ်တည်
ရွှေခေတ်ဆီ ပြိုင်တူလှမ်း။

❖ ယခင်အတိတ်အခါက
ရင်ထိတ်စရာ အတိုးနှုန်းကြီးပါဘိ
ညှိုးချုံးညည်း အရေးမကြံသာဘူး
အကြွေးသံသရာ အဖန်ဖန်ထပ်ပါလို့
ကြမ္မာရဟတ် ခါးစည်းခံရင်း
ခါးသီးဒဏ် ဗရပွကိုလ
မြစိမ်းရောင် အကျိုးဆောင်ကူတော့
ဖိုးတောင်သူ လယ်သမားတို့မှာ
ကြွယ်ပွားလို့ ..... အဆင်ပြေ
ဝင်ငွေက ..... တိုးပြီးတိုး
ကြိုးပြီးကြိုး ..... မနေးသွက်နေတော့
ချေးစက်တွေ မြေမှာကျတာနဲ့
ကျေးလက်မြေ ဝေဆာလှနေတဲ့
(ဦးကြီးတို့ရေ.....)
မြစိမ်းရောင်လမ်း။ ။

ရေနံ့သာမောင်ကျော်ညွှန့်

# မြောက်ကိုရီးယားနိုင်ငံက တာတိုပစ်ပဲ့ထိန်းဒုံးကျည်နှစ်စင်း ပစ်လွှတ်ခဲ့



ဆိုးလ် မတ် ၁၄

မြောက်ကိုရီးယားနိုင်ငံသည် မတ် ၁၄ ရက် နံနက်ပိုင်းတွင် တာတိုပစ်ပဲ့ထိန်း ဒုံးကျည်နှစ်စင်း ပစ်လွှတ်ခဲ့ကြောင်း တောင်ကိုရီးယားစစ်ဘက်က ပြောကြားသည်။ အဆိုပါဒုံးကျည်များ ပစ်လွှတ်မှုသည် အမေရိကန်နိုင်ငံနှင့်တောင်ကိုရီးယားနိုင်ငံတပ်ဖွဲ့ဝင်များ ပူးတွဲစစ်ရေးလေ့ကျင့်မှုစတင်ခဲ့ပြီး နောက်တစ်ရက်တွင် ပစ်လွှတ်ခဲ့ခြင်းဖြစ်သည်။

မြောက်ကိုရီးယားနိုင်ငံသည် အဆိုပါ ဒုံးကျည်များကို ဟွမ်ဂေးပြည်နယ် တောင်ပိုင်းမှ အရှေ့ဘက်ကမ်းရိုးတန်း ပင်လယ်သို့ ဦးတည်ကာ မတ် ၁၄ ရက် ဒေသစံတော်ချိန် နံနက် ၇ နာရီ ၄၅ မိနစ်မှ ၇ နာရီ ၅၁ မိနစ်အကြား ပစ်လွှတ်ခဲ့ခြင်း ဖြစ်ကြောင်း တောင်ကိုရီးယား ပူးတွဲ စစ်ဦးစီးချုပ်က ပြောကြားသည်။

သို့ရာတွင် အဆိုပါဒုံးကျည်များသည် ဂျပန် အထူးစီးပွားရေးဇုန်အတွင်းသို့ ကျရောက်ခဲ့ကြောင်း ညွှန်ပြသည့်သတင်း အချက်အလက်တစ်စုံတစ်ရာမျှ လက်ခံရရှိခဲ့ခြင်းမရှိကြောင်း ဂျပန်အစိုးရ ထိပ်တန်းတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

မြောက်ကိုရီးယားနိုင်ငံသည် ယခုနှစ်စပိုင်းကတည်းက ဒုံးကျည်များ တရစပ်ပစ်လွှတ်ခဲ့ကြောင်း သိရသည်။ ထို့ပြင် မတ် ၁၃ ရက်ကလည်း ခရုဇ် ဒုံးကျည်နှစ်စင်းကို ပစ်လွှတ်ခဲ့ကြောင်း မြောက်ကိုရီးယားနိုင်ငံက ပြောကြားသည်။

ကိုးကား – အင်န်အိတ်ချ်ကေ

ဘာသာပြန် – အလင်းသစ်



# ယခုနှစ်အတွင်း ဗီယက်နမ်နိုင်ငံ၌ စားသုံးသူ ဈေးကွက် ၉ ရာခိုင်နှုန်းအထိ တိုးတက်လာနိုင်

ဟနွိုင်း မတ် ၁၄

ကိုဗစ်–၁၉ ကပ်ရောဂါ၏ အကျိုးသက်ရောက်မှုများ ကျော်လွှားခဲ့ပြီးနောက် ယခုနှစ်အတွင်း ဗီယက်နမ်နိုင်ငံ၌ စားသုံးသူဈေးကွက်သည် ရှစ်ရာခိုင်နှုန်းမှ ကိုးရာခိုင်နှုန်းအထိ တိုးတက်လာကြောင်း ဗီယက်နမ်နယူးစ်သတင်းစာက ယနေ့ပြောကြားသည်။

**လျာထားချက်ပြည့်မီကျော်လွန်**

နိုင်ငံအတွင်း ကုန်စည်လက်လီရောင်းချခြင်းနှင့် စားသုံးသူများမှ ရရှိသည့်ဝင်ငွေသည် ယမန်နှစ်က ဗီယက်နမ်ဒေါင် ၅၆၇၉ ဒသမ ၉ ထရီလီယံရှိခဲ့ပြီး လျာထားချက်ထက် ပြည့်မီကျော်လွန်ခဲ့ကြောင်း သိရသည်။

စားသုံးသူများက ပြည်တွင်းကုန်စည်များ ဝယ်ယူသုံးစွဲခြင်းသည် နိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် မောင်းနှင်အားတစ်ရပ်ဖြစ်ခဲ့ကြောင်း စက်မှုနှင့် ကုန်သွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။

လာမည့်လ၌ ဗီယက်နမ်နိုင်ငံ၏ လူဦးရေသည် သန်း ၁၀၀ သို့ တိုးတက်ရောက်ရှိလာမည်ဖြစ်ရာ ပြည်တွင်းစားသုံးသူဈေးကွက် ပိုမိုကြီးမားလာနိုင်ကြောင်း ပြည်တွင်းဈေးကွက်ရေးရာဌာန အကြီးအကဲ Tran Duy Dong က ပြောကြားသည်။ လက်ရှိအချိန်တွင် နိုင်ငံအတွင်း ဒေသများ၌ ကုန်စည်စီးဆင်းမှု လွယ်ကူချောမွေ့စေရေးနှင့် ကုန်စည်ထောက်ပံ့ရေးလမ်းကြောင်းများ ချဲ့ထွင်နိုင်ရေးအတွက် တာဝန်ရှိသူများက ဈေးကွက်ဆိုင်ရာ စည်းမျဉ်းများအား ပြန်လည်လေ့လာသုံးသပ်နေကြကြောင်း သိရသည်။

ကိုးကား – ဆင်ဟွာ

ဘာသာပြန် – စိုးသူရ

# သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို လိုက်နာရန် သတ္တုတူးဖော်ရေးကုမ္ပဏီများအား အင်ဒိုနီးရှားနိုင်ငံ သတိပေး

ဂျကာတာ မတ် ၁၄

အင်ဒိုနီးရှားနိုင်ငံ၏ နီကယ်ကြွယ်ဝသော ဒေသတစ်ခုတွင် လုပ်ငန်းလည်ပတ်လျက်ရှိသည့် ကုမ္ပဏီများအနေဖြင့် နိုင်ငံ၏ သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ စည်းမျဉ်း စည်းကမ်းများကို လိုက်နာရန်နှင့် ယင်းသို့မလိုက်နာပါက လုပ်ငန်းလုပ်ကိုင်ခွင့်ပိတ်သိမ်းခံရမည့်အန္တရာယ်နှင့် ကြုံတွေ့ရမည်ဖြစ်ကြောင်း အင်ဒိုနီးရှားနိုင်ငံရေကြောင်းနှင့် ရင်းနှီးမြှုပ်နှံမှုရေးရာ ညှိနှိုင်းရေးဝန်ကြီး လူဟက်ပန်ဂျေတန်က မတ် ၁၄ ရက်တွင် သတိပေးပြောကြားသည်။

အင်ဒိုနီးရှားနိုင်ငံသည် နိုင်ငံ၏ နီကယ် အရင်းအမြစ်များသည် လျှပ်စစ်ကား ဘက်ထရီများအတွက် ဒေသတွင်းကုန်ထုတ်လုပ်မှု အချက်အချာဖြစ်လာစေရေး အသုံးပြုရန် ရည်ရွယ်ကာ သုံးနှစ်တာကာလအတွင်း Hyundai၊ LG နှင့် Foxconn အပါအဝင် ကမ္ဘာ့သတ္တုတူးဖော်ရေး ကုမ္ပဏီများနှင့် အမေရိကန်ဒေါ်လာ ၁၅ ဘီလီယံတန်ကြေးရှိ စာချုပ်များ ချုပ်ဆိုထားကြောင်း သိရသည်။

ကုမ္ပဏီများသည် အင်ဒိုနီးရှားနိုင်ငံအစိုးရက ချမှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ လုပ်ငန်းများ လိုက်နာဆောင်ရွက်ရမည်ဖြစ်ပြီး လိုက်နာခြင်းမရှိပါက ၎င်းကုမ္ပဏီ၏ လုပ်ငန်းများကို နှစ်လအတွင်း ပိတ်သိမ်းမည်ဖြစ်ကြောင်း လူဟက်ပန်ဂျေတန်က ပြောကြားသည်။

လုပ်ငန်းများ ပိတ်သိမ်းခြင်းကြောင့် မိမိတို့နိုင်ငံ၏ဝင်ငွေကို လျော့ကျစေနိုင်သော်လည်း ဝင်ငွေအတွက် သဘာဝပတ်ဝန်းကျင်ကို အထိအခိုက်မခံနိုင်ကြောင်း မြို့တော်ဂျကာတာ၌ ကျင်းပသည့် စီးပွားရေးဖိုရမ်တစ်ခုတွင် ၎င်းကပြောကြားသည်။

ကိုးကား – စီအင်န်အေ

ဘာသာပြန် – အလင်းသစ်



# ကမ္ဘောဒီးယားနိုင်ငံ၏ လျှပ်စစ်ဓာတ်အားထုတ်လွှတ်မှု ၆၂ ရာခိုင်နှုန်းကျော်ကို ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်မှရရှိ

ဖနောင်ပင် မတ် ၁၄

ကမ္ဘောဒီးယားနိုင်ငံ၏ လျှပ်စစ်ဓာတ်အားထုတ်လွှတ်မှု ၆၂ ရာခိုင်နှုန်းကျော်ကို ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်မှ ထုတ်ယူရရှိကြောင်း ဝန်ကြီးချုပ် ဟွန်ဆန်က ယနေ့ပြောကြားသည်။

သဘာဝပတ်ဝန်းကျင်ကို ညစ်ညမ်းစေရန် ဆောင်ရွက်သည့် နိုင်ငံများတွင် မိမိတို့နိုင်ငံမပါဝင်ကြောင်း နိုင်ငံအနောက်မြောက်ပိုင်း ပါဆက်ပြည်နယ်ရှိ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ တည်ဆောက်ရေး စီမံကိန်းသို့ သွားရောက်စစ်ဆေးစဉ် ၎င်းကပြောကြားခဲ့သည်။

ရေအားလျှပ်စစ်ထုတ်လွှတ်ခြင်းသည် သန့်ရှင်းသည့် အစိမ်းရောင်စွမ်းအင် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်းဆုံးရွေးချယ်စရာနည်းလမ်းဖြစ်ကြောင်း ဟွန်ဆန်ကဆိုသည်။

ကမ္ဘောဒီးယားနိုင်ငံသည် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကို ရေအားလျှပ်စစ်ထုတ်လွှတ်ရာတွင် အဓိကသုံးစွဲနေကြောင်း သိရသည်။ ယမန်နှစ်က နိုင်ငံအတွင်း လျှပ်စစ်ဓာတ်အား ၄၄၉၅ မီဂါဝပ်ကို ထုတ်လွှတ်သုံးစွဲနိုင်ခဲ့ကြောင်း သိရသည်။

ကိုးကား – ဆင်ဟွာ

ဘာသာပြန် – စိုးသူရ

■



# အာဖရိကဒေသ မာလာဝီနိုင်ငံ၌ ဆိုင်ကလုန်းမုန်တိုင်းဖရက်ဒီ ဝင်ရောက်တိုက်ခတ်

ဘလန်တိုင်ရီ မတ် ၁၄

အာဖရိကဒေသ မာလာဝီနိုင်ငံ၌ ဆိုင်ကလုန်းမုန်တိုင်းဖရက်ဒီ ဝင်ရောက်တိုက်ခတ်မှုကြောင့် လက်ရှိအချိန်အထိ သေဆုံးသူ ၁၉၀ ရှိကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

**ပြောကြား**

၎င်းတို့အနက် ၈၅ ဦးမှာ မြို့တော်ဘလန်တိုင်ရီမှ ဖြစ်ကြောင်း သိရသည်။ နိုင်ငံအတွင်းရှိ ခရိုင် ၁၀ ခု၌ ထိခိုက်ဒဏ်ရာရရှိသူအများအပြားရှိပြီး နေအိမ်ပျက်စီးမှုများရှိခဲ့ကာ လူထောင်ပေါင်းများစွာမှာ နေရပ်စွန့်ခွာခဲ့ရကြောင်း သဘာဝဘေးစီမံခန့်ခွဲရေးဌာနအကြီးအကဲ ချားလ်ကာလန်ဇာက ပြောကြားသည်။

ဖြစ်စဉ်အတွင်း သေဆုံးသူအများအပြားမှာ နေအိမ်ပြိုကျခြင်း၊ ရေကြီးရေလျှံခြင်းနှင့် မြေပြိုခြင်းများကြောင့် သေဆုံးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါမုန်တိုင်း ဝင်ရောက်တိုက်ခတ်မှုကြောင့် နိုင်ငံအတွင်းရှိ လျှပ်စစ်ဓာတ်အားပေးစနစ်များ ရပ်ဆိုင်းသွားခဲ့ပြီး လျှပ်စစ်ဓာတ်အားပြတ်တောက်ခဲ့သည်။

ကိုးကား – ဆင်ဟွာ

ဘာသာပြန် – စိုးသူရ

# “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ် ထုတ်လွှင့်မည်

နေပြည်တော် မတ် ၁၄

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှု တားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ **“ပြည်သူ့ကြားက ပြည်သူ့စကား”** အစီအစဉ်မှ **“လူငယ်တွေရဲ့ပညာရေးလမ်းကြောင်းကို ဖျက်ဆီးနှောင့်ယှက်နေတဲ့ PDF များ”** ခေါင်းစဉ်ဖြင့် မတ် ၁၅ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **“ရွှေစာရံဘုရားသို့ သွားရောက်သည့် ဘုရားဖူးယာဉ်အား PDF အမည်ခံ အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲပစ်ခတ်တိုက်ခိုက်မှုကြောင့် ကလေးငယ်အပါအဝင် ပြည်သူသုံးဦး သေဆုံးမှု”** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉- ၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီ ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

သတင်းစဉ်

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# တနင်္သာရီတိုင်းဒေသကြီး ရေဖြူမြို့နယ်၌ ငွေကျပ် နှစ်ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၀ ဒသမ ၃ သိန်းနှင့် အိုက်စ်(မက်သ်အဖက်တမင်း) နှစ်ကီလို သိမ်းဆည်းရမိ

နေပြည်တော် မတ် ၁၄

တနင်္သာရီတိုင်းဒေသကြီး ရေဖြူမြို့နယ်တွင် ငွေကျပ် နှစ်ဘီလီယံကျော် တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၀ ဒသမ ၃ သိန်းနှင့် အိုက်စ် (မက်သ်အဖက်တမင်း) နှစ်ကီလို သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၁၀ ရက် နံနက် ၁၁ နာရီခွဲတွင် တနင်္သာရီတိုင်းဒေသကြီး ရေဖြူမြို့နယ် မလွှဲတောင်ပူးပေါင်းစစ်ဆေးရေးစခန်းတွင် ရန်ကုန်မြို့မှ မြိတ်မြို့သို့ ဖိုးသဲမောင်းနှင်ပြီး သန်းထွန်းအောင်(ခ) မဲကြီး၊ ဇာနည်ဦး(ခ)စိန်သူနှင့် မြတ်သူ(ခ)ဘုကြီးတို့ လိုက်ပါလာသော Mitsubishi Fuso ခရီးသည်တင် မှန်လုံယာဉ်ကို သတင်းအရရှာဖွေရာ ယာဉ်ပေါ်ပါ ပလတ်စတစ်ခြင်း ခြောက်ခြင်းအတွင်းမှ ဒေသကာလတန်ဖိုး ငွေကျပ် နှစ်ဘီလီယံကျော် တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၀ ဒသမ ၃ သိန်းနှင့် အိုက်စ် (မက်သ်အဖက်တမင်း) နှစ်ကီလိုတို့ကို သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိမူးယစ်ဆေးဝါးများကို



ပြစ်မှုကျူးလွန်သူများအား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

ရန်ကုန်တိုင်းဒေသကြီးမှ တနင်္သာရီတိုင်းဒေသကြီးသို့ သယ်ဆောင်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား ဥပဒေအရအရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# အမျိုးသမီးတစ်ဦးကို တရုတ်အမျိုးသားထံ ရောင်းစား၍ ငွေကြေးအကျိုးအမြတ်ခေါင်းပုံဖြတ်ရယူရန် စီစဉ်ခဲ့သူကို လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ်ချမှတ်

နေပြည်တော် မတ် ၁၄

အမျိုးသမီးတစ်ဦးကို တရုတ်အမျိုးသားထံ ရောင်းစား၍ ငွေကြေးအကျိုးအမြတ် ခေါင်းပုံဖြတ်ရယူရန် စီစဉ်ခဲ့သူကို လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ် ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်နေသူ ဒေါ်မြမြဝင်းက တစ်မြို့တည်းနေသူ မ ---၊ ၂၃/၂၀၂၁ နှစ်အား တရုတ်နိုင်ငံ၌ တရုတ်ယောကျ်ားယူပါက ငွေကျပ်သိန်း ၄၀ ရမည်ဟု စည်းရုံးပြောဆို၍ ငွေကြေးအကျိုးအမြတ် ခေါင်းပုံဖြတ်ရယူရန် စီစဉ်ခဲ့သဖြင့် ရွှေပြည်သာမြို့နယ် လှော်ကားနယ်မြေရဲစခန်း (ပ) ၁၁/၂၀၂၁၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေပုဒ်မ ၂၄/၃၂ ဖြင့် အမှုရေးဖွင့်၍ မင်္ဂလာဒုံခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ မတ် ၁၃ ရက်တွင် တရားခံ ဒေါ်မြမြဝင်းအား လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေပုဒ်မ ၂၄ ဖြင့် အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ် ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# မြို့နယ်အချို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

နေပြည်တော် မတ် ၁၄

မြို့နယ်အချို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၁၃ ရက် မွန်းလွဲ ၁ နာရီတွင် မရမ်းကုန်းမြို့နယ် (၁)ရပ်ကွက် ဘုရင့်နောင်လမ်းမကြီးပေါ်တွင် ကြိုတင်သတင်းရရှိထားသူ စန်းငွေနှင့် အောင်မျိုးဝင်းတို့အား တွေ့ရှိရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၉၈၀၀၀ ကိုလည်းကောင်း၊ အလားတူ မတ် ၁၂ ရက် မွန်းလွဲ ၃ နာရီတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သင်္ဃန်းကျွန်းမြို့နယ် မိကျောင်းကန်ရပ်ကွက် ဝေဇယန္တာလမ်းမပေါ်တွင် စိုးဦးမောင်းနှင်ပြီး ဟိန်းသူ(ခ)မင်းမင်း၊ စောဉာဏ်လင်း၊ အောင်ဟိန်းနှင့် မပြုံးတို့ လိုက်ပါလာသည့် Toyota Probox ယာဉ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀၀ ကိုလည်းကောင်း၊ ထို့အတူ ယင်းနေ့နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မိုင်းပျဉ်းမြို့နယ် တုံတာမြို့ ရပ်ကွက်(၃) အပေါ်ရွာနေ ဆားခေ့(ကျား)၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀၀ နှင့် ပလတ်စတစ်အိတ်ဖြင့်ထည့်လျက် ဘိန်း သုည ဒသမ ၁၅ ကီလိုတို့ကို သိမ်းဆည်းရမိ၍ ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

သတင်းစဉ်



# နေပြည်တော်၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ တရားမဝင်သစ် ၁၅၅ ဒသမ ၆၄၇၁ တန် သိမ်းဆည်းရမိ

နေပြည်တော် မတ် ၁၄

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးအား ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြု စောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် အပါအဝင် နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ မတ် ၆ ရက်မှ ၁၂ ရက်အထိ နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနများမှ ပေးပို့လာသော စာရင်းများအရ တရားမဝင် ကျွန်း ၇၅ ဒသမ ၉၁၅၀ တန်၊ သစ်မာ ၆ ဒသမ ၁၅၄၈ တန်၊ အခြား ၇၃ ဒသမ ၅၇၇၃ တန် စုစုပေါင်း ၁၅၅ ဒသမ ၆၄၇၁တန် သိမ်းဆည်းရမိခဲ့ကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

သတင်းစဉ်

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည် ရွာရန်ရာနှုန်း ၈၀

နေပြည်တော် မတ် ၁၄

စစ်ကိုင်း တိုင်းဒေသကြီး အထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မိုး/ဇလ

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက်
ဂျာနယ်
ထွက်ရှိ



၁၅-၃-၂၀၂၃ ရက်နေ့ထုတ် အတွဲ (၂၀)၊ အမှတ် (၆) တွင်
- တပ်မတော်နှင့် အမျိုးသားရေးတာဝန်
- ဝင်ငွေတိုးပွားစေမည့် ကွမ်းရွက်စိုက်ပျိုးနည်း
- အထွက်တိုးကောင်းစေရန် ပဲတီစိမ်းစိုက်ပျိုးပါ
- ဈေးကွက်ဝင် နှမ်းနက်(သိပ္ပံနက်) စိုက်ပျိုးရေး
- အချိုးအဆမှန်ကန်စွာ ကျွေးသင့်သော ကြက်စာ
- သန့်ရှင်းသောသောက်သုံးရေ သုံးစွဲရေး
- မြင်းခွာရွက်နှင့် ကျန်းမာရေး
- နေလောင်ဒဏ်ကြောင့် ပျက်စီးသွားတဲ့ အသားအရေကိုဘယ်လိုထိန်းသိမ်းမလဲ စသည့်တို့ အပါအဝင်စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေး၊ သုတရသစုံလင်စွာဖြင့် ထွက်ရှိပြီးဖြစ်ပါသည်။

တစ်စောင် (၂၅၀) ကျပ်
အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးများတွင် ဝယ်ယူရရှိနိုင်ပါသည်။
DKY Journal

# တောင်ကြီးမြို့နယ် ညောင်ရွှေအကျဉ်းထောင်တွင် အကျဉ်းသားအချို့ ထွက်ပြေးရန်ကြံစည်ရာမှ ဆူပူအကြမ်းဖက်မှုဖြစ်စဉ်ဖြစ်ပွား





လှေကားလက်ရန်းတန်းမှ သစ်သားချောင်းများ ဖြုတ်ယူထားသည့် မှတ်တမ်းဓာတ်ပုံများ။



လှေကားလက်ရန်းတန်းမှ ဖြုတ်ယူထားသည့် သစ်သားချောင်းများ၏ မှတ်တမ်းဓာတ်ပုံ။

**နေပြည်တော် မတ် ၁၄**

ရှမ်းပြည်နယ် တောင်ကြီးမြို့နယ် ညောင်ရွှေအကျဉ်းထောင်အတွင်းရှိ နှစ်ထပ်အိပ်ဆောင်တစ်ခုမှ အကျဉ်းသား ၁၅ ဦးခန့်သည် ယနေ့နံနက် ၈ နာရီခွဲတွင် အိပ်ဆောင်လှေကားရှိ သစ်သားလက်ရန်းတန်းများကို ချိုးဖျက်ပြီး အိပ်ဆောင်တာဝန်ကျ အကျဉ်းထောင်ဝန်ထမ်းနှစ်ဦးကို ရိုက်နှက်တိုက်ခိုက်၍ အုတ်ရိုးကျော်တက် ထွက်ပြေးရန် ကြံစည်ကြိုးစားခဲ့ကြကြောင်း သိရသည်။

**ပစ်ပေါက်တိုက်ခိုက်ခြင်းများထပ်မံပြုလုပ်**

ဖြစ်စဉ်တွင် အကျဉ်းသား ၁၅ ဦးခန့်သည် ၎င်းတို့၏ အိပ်ဆောင်များရှိ လှေကား သစ်သားလက်ရန်းတန်းများကိုချိုးဖျက်၍ လက်နက်အဖြစ်အသုံးပြုခြင်း၊ ဝန်ထမ်းများကို အကြမ်းဖက်တိုက်ခိုက် ရန်မူခြင်းတို့ကို ပြုလုပ်ခဲ့ကြပြီး အိပ်ဆောင်ဝင်းအနောက်ဘက်မှတစ်ဆင့် အုတ်ရိုးကျော်တက် ထွက်ပြေးရန် ကြိုးစားခဲ့ကြရာ တာဝန်ကျဝန်ထမ်းများက အကြမ်းဖက်မှုများမပြုလုပ်ရန် ဖျောင်းဖျပြောဆိုခြင်း၊ မျှော်စင်တာဝန်ကျဝန်ထမ်းမှ သေနတ်ဖြင့် ခြောက်လှန့်ပစ်ခတ်ခြင်းများ ဆောင်ရွက်ခဲ့သော်လည်း အကျဉ်းသားများသည် နာခံမှုမရှိဘဲ အော်ဟစ်ပြီး CCTV ကြိုးများ ဖျက်ဆီးခြင်း၊ ဆိုလာဓာတ်မီးတိုင်အား ဖျက်ဆီးခြင်း၊ အနီးပတ်ဝန်းကျင်ရှိ ခဲများဖြင့် အစောင့်ဝန်ထမ်းများကို ပစ်ပေါက်တိုက်ခိုက်ခြင်းများထပ်မံပြုလုပ်ခဲ့ကြသည်။

ဆက်လက်၍ဆူပူမှုများကိုအကြောင်းပြု၍အခြားအိပ်ဆောင်များရှိ အကျဉ်းသား၊ အချုပ်သားများကလည်း ဆူပူမှုများ ထပ်မံမပြုလုပ်လာစေရေးနှင့် လုံခြုံရေးကျိုးပေါက်မှု မရှိစေရေးတို့အတွက် မျှော်စင်တာဝန်ကျဝန်ထမ်းက ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ သေနတ်ငါးချက်ခန့် ပစ်ခတ်၍ နံနက် ၉ နာရီတွင် အခြေအနေကို တည်ငြိမ်အောင်ထိန်းသိမ်းဆောင်ရွက်ခဲ့သည်။

ဖြစ်စဉ်ဖြစ်ပွားမှုကြောင့် အကျဉ်းထောင်ဝန်ထမ်းနှစ်ဦး ဒဏ်ရာရရှိခဲ့ပြီး အကျဉ်းသားတစ်ဦး သေဆုံးခဲ့ကာ အကျဉ်းသားနှစ်ဦး ဒဏ်ရာရရှိခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ပဏာမစိစစ်မှုအရ သိရှိရသည်မှာ အကြမ်းဖက်ပြစ်မှုများ ကျူးလွန်ခဲ့ကြပြီး ပြစ်ဒဏ်ကျခံနေရသော အကျဉ်းသားအချို့ကဦးဆောင်၍ ထွက်ပြေးရန် ကြံစည်ကြိုးပမ်းခဲ့ခြင်းကြောင့် အခြားအကျဉ်းသားများကလည်း ပါဝင်ခဲ့ကြခြင်းဖြစ်ပြီး ဖြစ်စဉ်မှန် ပေါ်ပေါက်စေရေးအတွက် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက် စိစစ် ဖော်ထုတ်၍ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**





အဝတ်လှန်းတန်းနှင့် ဓာတ်တိုင်အား ဖျက်ဆီးထားသည့် မှတ်တမ်းဓာတ်ပုံများ။



လည်ကုပ်ယာဘက်ပေါက်ပြဲဒဏ်ရာတစ်ချက်၊ ယာလက်သန်း ပြတ်ရှဒဏ်ရာတစ်ချက်ထိခိုက်ဒဏ်ရာရရှိခဲ့သည့် ဒုတိယကြီးကြပ်ရေးမှူး၏ မှတ်တမ်းဓာတ်ပုံ။



ဦးခေါင်းထိပ် ပေါက်ပြဲဒဏ်ရာတစ်ချက်(ရှစ်ချက်ချုပ်)၊ ဝဲလက်ဖျံ ပြတ်ရှဒဏ်ရာတစ်ချက်၊ ဝဲလက်ညှိုးပြတ်ရှဒဏ်ရာတစ်ချက် ရရှိသည့် အကျဉ်းထောင်တပ်ကြပ်၏ မှတ်တမ်းဓာတ်ပုံ။

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် မတ် ၁၄**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ် ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ဘုရားသုံးဆူကျေးရွာနေ မျိုးမင်းမင်းသန့်(ခ) ခင်မောင်ချင်း(ခ)သက်ပိုင်ထူးသည် ၎င်းအသုံးပြုသည့် “Myo Min Min Thant” Facebook အကောင့်ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

**မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ်လူသစ် ဘဝသစ်**

## မွန်ပြည်နယ်အတွင်း မြေပြင်ကွင်းဆင်းစာရင်းကောက်ယူပြီးစီးခဲ့သည့် စာရင်းများအား e-ID server အတွင်းသို့ စာရင်းထည့်သွင်းခြင်းလုပ်ငန်းများ ဆောင်ရွက်

မော်လမြိုင် မတ် ၁၄

မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တာဝန်ရှိသူများသည် မတ် ၁၃ ရက် မွန်းလွဲပိုင်းက မွန်ပြည်နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံး၌ မွန်ပြည်နယ်အတွင်းရှိ မြေပြင်ကွင်းဆင်း စာရင်းကောက်ယူပြီးစီးခဲ့သည့် လူဦးရေစာရင်းများအား အီလက်ထရွန်နစ် မှတ်ပုံတင်ရေးဦးစီးဌာန၏ e-ID Server အတွင်းသို့ စာရင်းထည့်သွင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

မွန်ပြည်နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်နယ်ဦးစီးမှူး ဦးမြတ်သွင်က စာရင်းဇယားများအား e-ID Server အတွင်းသို့ အချက်အလက် ပြည့်စုံမှန်ကန်စွာ ထည့်သွင်းဆောင်ရွက်ထားရှိမှုနှင့် မှတ်တမ်းများ စနစ်တကျထားရှိ၍ သတ်မှတ်ကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ထို့နောက် e-ID Server အတွင်းသို့ စာရင်းများ ထည့်သွင်းဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုအဆင့်ဆင့်ကို ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



❖ မြန်မာ့လက်ရွေးစင်မှ

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် မတ် ၁၇ ရက်တွင် ကမ္ဘောဒီးယားလက်ရွေးစင် အမျိုးသမီးအသင်း၊ မတ် ၁၉ ရက်တွင် တရုတ်အမျိုးသမီးကလပ် Sichuan FC၊ မတ် ၂၂ ရက်တွင် တရုတ်အမျိုးသမီးကလပ် Changchun FC တို့နှင့် ခြေစမ်းပွဲများကစားမည်ဖြစ်သည်။

တရုတ်နိုင်ငံ၌ ခြေစမ်းပွဲများကစားရန် ထွက်ခွာသွားသည့် မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းတွင် အုပ်ချုပ်သူအဖြစ် ဒေါ်မြတ်မြတ်ဦး၊ **နည်းပြချုပ်** ဒေါ်သက်သက်ဝင်း၊ **လက်ထောက်နည်းပြများအဖြစ်** ဒေါ်စန်းစန်းမော်၊ ဦးစထက်နိုင်ဝင်း၊ **ဂိုးနည်းပြ** ဦးယဉ်မင်းအောင်၊ အားကစားသမားများအဖြစ် **ဂိုးသမား** မေဇင်နွယ်၊ ဇူးလတ်နဒီ၊ မျိုးမြမြငြိမ်း၊ **နောက်တန်း** မိုးမမစိုး၊ ဇွန်ယုယဦး၊ မေသက်မွန်မြင့်၊ အေးအေးမိုး၊ ခင်မျိုးဝင်း၊ ဖြူဖြူဝင်း၊ အိအိကျော်၊ **အလယ်တန်း** ခင်မာလာထွန်း၊ နန့်မေသဇင်၊ ခင်မိုမိုထွန်း၊ ရှုပါခိုင်၊ မေစပါယ်ဖူး၊ ပိုပိုပြည့်မောင်၊ လင်းမြင့်မိုရ်၊ နော်ထက်ထက်ဝေ၊ ဝေဖူးအိမ်၊ **ရှေ့တန်း** ဆုပြည့်ပြည့်ကျော်၊ မြတ်နိုးခင်၊ စန်းသော်သော်၊ ဂျူလိုင်ကျော်နှင့် ရွှေရီထွန်းတို့ ပါဝင်ကြသည်။

**သတင်း - ကိုညီလေး၊ ဓာတ်ပုံ - MFF**



မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်း နည်းပြချုပ်ဒေါ်သက်သက်ဝင်းနှင့် ကစားသမားများအား လေ့ကျင့်ရေးကွင်း၌ တွေ့ရစဉ်။

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများ ပြည်ပမှ တင်သွင်းနိုင်ရေး ဆောင်ရွက်

နေပြည်တော် မတ် ၁၄

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို လေကြောင်း၊ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိတင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ကုမ္ပဏီတစ်ခု၊ ယာဉ်စီးရေတစ်စီးဖြင့် နှာခေါင်းစည်း ၈ ဒသမ ၂၅ တန် တင်သွင်းခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိပါကြောင်းနှင့် ဆေးဝါးနှင့်ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့် ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာန Website ဖြစ်သည့် commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားပါကြောင်း သိရသည်။

သတင်းစဉ်

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၅-၃-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၁၃၀ | ၂၁၈၀ | ၂၁၇၅ | ၂၁၄၀ | ၂၁၇၅ | ၂၂၀၀ | ၂၁၈၅ | ၂၁၆၅ | ၂၂၆၀ | ၂၂၇၅ | ၂၁၇၀ | ၂၁၈၀ | ၂၂၁၅ | ၂၂၁၅ | ၂၂၂၀ | ၂၄၅၀ | ၂၈၁၀ |
| 95 Ron | ၂၂၁၅ | ၂၂၆၅ | ၂၂၆၅ | ၂၂၂၅ | ၂၂၆၅ | ၂၂၈၅ | ၂၂၇၀ | ၂၂၅၀ | ၂၃၄၅ | ၂၃၆၅ | ၂၂၅၅ | ၂၂၇၅ | ၂၃၀၀ | ၂၃၀၀ | ၂၃၀၅ | ၂၅၃၅ | ၂၈၈၅ |
| HSD (500 ppm) | ၂၁၄၀ | ၂၁၈၅ | ၂၁၈၅ | ၂၁၄၅ | ၂၁၈၅ | ၂၂၁၀ | ၂၂၀၅ | ၂၁၇၀ | ၂၂၉၀ | ၂၂၈၅ | ၂၁၇၅ | ၂၁၉၀ | ၂၂၂၅ | ၂၂၂၅ | ၂၂၂၅ | ၂၄၅၅ | ၃၁၀၀ |
| HSD (50 ppm) | ၂၂၂၀ | ၂၂၆၅ | ၂၂၆၅ | ၂၂၂၅ | ၂၂၆၅ | ၂၂၉၀ | ၂၂၈၅ | ၂၂၅၀ | ၂၃၇၀ | ၂၃၆၅ | ၂၂၅၅ | ၂၂၇၀ | ၂၃၀၅ | ၂၃၀၅ | ၂၃၀၅ | ၂၅၃၅ | ၃၁၃၀ |
| HSD (10 ppm) | ၂၂၂၀ | ၂၂၆၅ | ၂၂၆၅ | ၂၂၂၅ | ၂၂၆၅ | ၂၂၉၀ | ၂၂၈၅ | ၂၂၅၀ | ၂၃၇၀ | ၂၃၆၅ | ၂၂၅၅ | ၂၂၇၀ | ၂၃၀၅ | ၂၃၀၅ | ၂၃၀၅ | ၂၅၃၅ | ၃၁၃၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၀၂၁ | ၂၀၉၅ |
| 95 Ron | ၂၁၀၅ | ၂၁၈၀ |
| HSD (500 ppm) | ၂၀၃၂ | ၂၁၀၃ |
| HSD (50 ppm) | ၂၁၀၆ | ၂၁၇၈ |
| HSD (10 ppm) | ၂၁၀၆ | ၂၁၇၈ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၀၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

# ဓာတ်ခွဲနမူနာစုစုပေါင်း ၅၃၉၉ ခု စစ်ဆေးပြီးစီး၊ ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ရှစ်ဦးတွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

## (၁၄-၃-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်းပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၃-၃-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၄-၃-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၅,၃၉၉) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၈) ဦးတွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၁၅) ရာခိုင်နှုန်းရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၁၀၈,၈၅၄) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၆၃၃,၉၆၅) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၄) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူစုစုပေါင်း (၆၁၄,၄၅၇) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၀) ဦးရှိပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေးထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ်နည်းလမ်းအားလိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့် -

- အသက် (၅)နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆)လပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ မပျက်မကွက်ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့်သက်ဆိုင်သောနေရာများ၌ ရှိနေစဉ် ပါးစပ်နှင့် နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက်ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ(သို့မဟုတ်) အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သောလက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀) ကြာ မကြာခဏဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့် အုပ်၍ ချောင်းဆိုး၊ နှာချေခြင်းစသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

# တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ် (သံလွင်) ရခိုင်ပြည်နယ် စနဲမြို့နယ်နှင့် ပတ်ဝန်းကျင်ကျေးရွာများမှ မျက်စိခွဲစိတ်လူနာများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေး

နေပြည်တော် မတ် ၁၄

ရခိုင်ပြည်နယ်အတွင်းရှိ ကမ်းရိုးတန်းဒေသတစ်လျှောက်မှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန် တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)ဖြင့် တပ်မတော်နှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့သည် ယနေ့တွင် ရခိုင်ပြည်နယ် စနဲမြို့နယ်နှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ခွဲစိတ်ကုသပြီးသော မျက်စိခွဲစိတ်လူနာ ကိုးဦးကို ဆေးရုံရေယာဉ်(သံလွင်)ပေါ်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။

အဆိုပါမျက်စိခွဲစိတ်လူနာများအား တာဝန်ရှိသူများက ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးစကားပြောကြား၍ မျက်မှန်များ တပ်ဆင်ပေးပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။ ထို့နောက် ဒေသခံပြည်သူ ခွဲစိတ်လူနာများအား စနဲမြို့ဆိပ်ခံတံတားသို့ တပ်မတော်ရေယာဉ်ဖြင့် ပြန်လည်ပို့ဆောင်ပေးကြသည်။

ဆက်လက်၍ တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)သည် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် စနဲမြို့နယ်မှ မြေပုံမြို့နယ်သို့ ဆက်လက်ထွက်ခွာခဲ့ကြောင်း သိရသည်။

သတင်းစဉ်



# ကုန်သည်စက်မှုအသင်းချုပ် စွမ်းအင်နှင့် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီအစည်းအဝေး ကျင်းပ

ရန်ကုန် မတ် ၁၄

ကုန်သည်စက်မှုအသင်းချုပ် စွမ်းအင်နှင့် စက်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အစည်းအဝေးကို မတ် ၁၃ ရက်တွင် Hybrid စနစ်ဖြင့် ကျင်းပရာ ကော်မတီဥက္ကဋ္ဌ ဦးအေးထွန်း၊ ဒုတိယဥက္ကဋ္ဌ ဦးအောင်ဇော်နိုင်၊ ဒေါက်တာအောင်သိန်း၊ အတွင်းရေးမှူး ဦးခင်မောင်ဦး၊ ကော်မတီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



အစည်းအဝေးတွင် ကော်မတီ၏ ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို အပြန်အလှန် ဆွေးနွေးကြပြီး စွမ်းအင်နှင့် စက်မှုထုတ်ကုန်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် မူဝါဒများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် မဟာဗျူဟာများ လေ့လာရေးသားအကြံပြုရန်၊ လုပ်ငန်းရှင်များအတွက် လိုအပ်သော ငွေကြေးအရင်းအနှီးနှင့် နည်းပညာများ လက်လှမ်းမီနိုင်စေရေး ပံ့ပိုးကူညီပေးရန်၊ စီးပွားရေးဈေးကွက်ချဲ့ထွင်နိုင်ရေးအတွက် Business Networking, Supply Chain Management, Exhibition များ အကောင်အထည်ဖော်ဆောင်ရွက်ပေးရန်၊ အခြေခံအဆောက်အအုံနှင့် စက်မှုဇုန်များ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးရန်တို့နှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

စွမ်းအင်နှင့် စက်မှုထုတ်ကုန်လုပ်ငန်းလုပ်ငန်းရှင်များ ရှင်သန်ရပ်တည်နိုင်ရေးနှင့် အစဉ်အမြဲ တိုးတက်ဖွံ့ဖြိုးလာစေရေးအတွက် စွမ်းအင်နှင့် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ မူဝါဒများ အကောင်အထည်ဖော်နိုင်ရေး၊ ငွေကြေးအရင်းအနှီး၊ ဈေးကွက်၊ နည်းပညာ၊ လူသားအရင်းအမြစ်ဖွံ့ဖြိုးရေး၊ အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးတို့ကို ရရှိစေနိုင်ပြီး အလုပ်အကိုင် အခွင့်အလမ်းများ ရရှိစေရန်နှင့် နိုင်ငံတော် GDP တိုးတက်လာစေရန် ရည်ရွယ်၍ စွမ်းအင်နှင့်စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီကို ဖွဲ့စည်းထားရှိကြောင်း သိရသည်။

မျိုးမင်းသူရ

# ပူးပေါင်းပါဝင် ဆည်မြောင်းစနစ်ဖြင့် လယ်ယာကဏ္ဍမြှင့်တင်ရေး ပညာပေးဟောပြောပွဲ ကျင်းပ

သာယာဝတီ မတ် ၁၄

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ် အင်းရွာတောင်သူလယ်သမားသင်တန်းကျောင်း၌ ယနေ့ နံနက် ၉ နာရီခွဲတွင် ပူးပေါင်းပါဝင် ဆည်မြောင်းစနစ်ဖြင့် လယ်ယာကဏ္ဍမြှင့်တင်ရေး အခမ်းအနားကို ကျင်းပသည်။

အခမ်းအနားတွင် သာယာဝတီမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆန်းဟိုက အဖွင့်အမှာစကားပြောကြားပြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန တည်ဆောက်ရေး(၉) ဒုတိယညွှန်ကြားရေးမှူး ဦးသာယာက သုံးဆယ်ရေလှောင်တမံ ဆည်ရေစီမံခန့်ခွဲမှု၊ WUG အဖွဲ့များ ဖွဲ့စည်းထားရှိမှုအခြေအနေနှင့် နွေစပါးရေပေးဝေမှုအခြေအနေ၊ လျာထားဧက ပြည့်မီရေး တောင်သူများနှင့် ဌာနဆိုင်ရာများ အချိတ်အဆက်မိမိကြိုးစားဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရုံးချုပ်) ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ဝင်းဆွေက ပူးပေါင်းပါဝင်ဆည်မြောင်းစနစ် (PIM) နှင့်ပတ်သက်သော အကြောင်းအရာများကို ပညာပေးရှင်းလင်းပြောကြားသည်။

အခမ်းအနားသို့ ရေအသုံးချသူများအဖွဲ့(WUG) ခေါင်းဆောင် ခြောက်ဦးနှင့် အဖွဲ့ဝင် ၅၅ ဦး စုစုပေါင်း ၆၁ ဦး တက်ရောက်ကြကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



# ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလအတွင်း ဝန်းကျင်လေထုအရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

မြန်မာနိုင်ငံတစ်ဝန်းရှိ ဝန်းကျင်လေထုအရည်အသွေးအခြေအနေအား လေ့လာဆန်းစစ်နိုင်ရန်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ပြည်ထောင်စုနယ်မြေ/တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဝန်းကျင်လေထုအရည်အသွေးကို Environmental Perimeter Air Station (EPAS)-Haz-Scanner၊ Air Quality Monitoring Station (AQM-65)၊ Scentroid (SL-50 Scentinal)၊ Aeroqual (Series-500 Portable Air Quality Monitor) နှင့် Continuous Particulate Monitor များဖြင့် Particulate Matter 2.5($PM_{2.5}$)၊ Particulate Matter 10 ($PM_{10}$)၊ Sulphur Dioxide ($SO_2$)၊ Nitrogen Dioxide ($NO_2$)၊ Ozone ($O_3$) နှင့် Carbon Monoxide (CO) စသည့် အဓိက Parameter များကို ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိပါသည်။

| စဉ် | | ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ပြည်နယ် တိုင်းတာသည့်နေရာ | တိုင်းတာသည့် Parameter များ | | | | | |
|---|---|---|---|---|---|---|---|---|
| | | | ၂.၅ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ | ၁၀ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ | ဆာလဖာဒိုင်အောက်ဆိုက် | နိုက်ထရိုဂျင်ဒိုင်အောက်ဆိုက် | အိုဇုန်း | ကာဗွန်မိုနောက်ဆိုက် |
| ၁ | ပြည်ထောင်စုနယ်မြေ နေပြည်တော် | | | | | | | |
| | ၁ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးရုံးဝင်း ဥတ္တရသီရိမြို့နယ် | ထိခိုက်စေနိုင် | လက်ခံနိုင်သော | ကောင်းမွန် | | | |
| ၂ | ရန်ကုန်တိုင်းဒေသကြီး | | | | | | | |
| | ၁ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးရုံးဝင်း ဗိုလ်တထောင်မြို့နယ် | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၃ | မန္တလေးတိုင်းဒေသကြီး | | | | | | | |
| | ၁ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးရုံးဝင်း၊ အမရပူရမြို့နယ် မန္တလေးမြို့ | ထိခိုက်စေနိုင် | လက်ခံနိုင်သော | ကောင်းမွန် | | | |
| | ၂ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးရုံးဝင်း အောင်မြေသာစံမြို့နယ် မန္တလေးမြို့ | ထိခိုက်စေနိုင် | လက်ခံနိုင်သော | လက်ခံနိုင်သော | ခံနိုင်ရည်နည်းပါးသူအတွက် ထိခိုက်နိုင် | ကောင်းမွန် | |
| | ၃ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးရုံးဝင်း ညောင်ဦးမြို့ | ကောင်းမွန် | | | | | |
| | ၄ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးရုံးဝင်း ကျောက်ဆည်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၅ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးရုံးဝင်း မိတ္ထီလာမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၆ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးရုံးဝင်း ပြင်ဦးလွင်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၄ | စစ်ကိုင်းတိုင်းဒေသကြီး | | | | | | | |
| | ၁ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးရုံးဝင်း မုံရွာမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၅ | တနင်္သာရီတိုင်းဒေသကြီး | | | | | | | |
| | ၁ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးရုံးဝင်း ထားဝယ်မြို့ | ကောင်းမွန် | | | | | - |
| ၆ | ပဲခူးတိုင်းဒေသကြီး | | | | | | | |
| | ၁ | ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနရုံးရှေ့၊ ပဲခူးမြို့ | ထိခိုက်စေနိုင် | လက်ခံနိုင်သော | ကောင်းမွန် | | | - |
| ၇ | ကချင်ပြည်နယ် | | | | | | | |
| | ၁ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးရုံးဝင်း မြစ်ကြီးနားမြို့ | ကောင်းမွန် | | | | | - |
| ၈ | ကရင်ပြည်နယ် | | | | | | | |
| | ၁ | စည်ပင်သာယာရေးအဖွဲ့ရုံးဝင်း ဘားအံမြို့နယ် | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၉ | မွန်ပြည်နယ် | | | | | | | |
| | ၁ | ဈေးကြိုဝိုင်းအနီး၊ မော်လမြိုင်မြို့ | လက်ခံနိုင်သော | လက်ခံနိုင်သော | ကောင်းမွန် | | | |
| ၁၀ | ရခိုင်ပြည်နယ် | | | | | | | |
| | ၁ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးရုံးဝင်း စစ်တွေမြို့ | ကောင်းမွန် | | | | | - |
| | ၂ | တောင်ရင်းအုပ်စု၊ တိုးချဲ့ရပ်ကွက်၊ ကျောက်ဖြူမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၁၁ | ရှမ်းပြည်နယ် | | | | | | | |
| | ၁ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးရုံးဝင်း တောင်ကြီးမြို့ | ကောင်းမွန် | - | ကောင်းမွန် | ကောင်းမွန် | - | - |
| | ၂ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးရုံး တာချီလိတ်မြို့ | ခံနိုင်ရည်နည်းပါးသူအတွက် ထိခိုက်နိုင် | ကောင်းမွန် | | - | - | - |
| | ၃ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးရုံးဝင်း လားရှိုးမြို့ | - | လက်ခံနိုင်သော | ကောင်းမွန် | | - | ကောင်းမွန် |

**လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index – AQI)**

| | |
|---|---|
| 0-50 | လေထုအရည်အသွေး ကောင်းမွန်သောအဆင့် |
| 51-100 | လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့် အဆင့် |
| 101-150 | ခံနိုင်ရည်နည်းပါးသောသူများ အတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 151-200 | ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 201-300 | ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့် |
| 301-500 | ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့် |

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှုအခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ စက်ရုံများမှ ထုတ်လွှတ်အခိုးအငွေ့များ ထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထုအရည်အသွေးတိုင်းတာသည့်နေရာ အနီးဝန်းကျင်အခြေအနေတို့အပေါ်မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေးရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန**

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်မောင်ဖြူ၏ "နွေဦးကာလ မြူထသောခါ" အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့၊ ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့တို့တွင် ဖော်ပြပေးသွားမည် ဖြစ်ပါသည်။

၁၃-၃-၂၀၂၃ ရက်မှအဆက်

ခင်သန်းဌေးမှာ ဘာမျှ ပြန်မပြောနိုင်ဘဲ ဖြစ်နေသည်။

"ဒါပေမဲ့ ကျွန်တော်တို့ကတော့ စာရေးအလုပ်မှ မဟုတ်ပါဘူး။ ရရာအလုပ်ပဲ ဝင်လုပ်တာပါပဲ။ မြေတူး အုတ်သယ်အလုပ်တို့၊ သင်္ဘောကြီးကုန်တင်ကုန်ချအလုပ်တို့၊ ဆိုက်ကားနင်းတဲ့အလုပ်တို့ ရရာအလုပ် တွေ့မရှောင်လုပ်ခဲ့ပါတယ်။ ဒါပေမဲ့ ဘယ်အလုပ်မှ အတည်တကျ မရခဲ့ပါဘူး။ ခေတ္တခဏပဲ။ ပြီးတော့ ပင်ပန်းလိုက်တာကလည်း ဝီခေါ်နေတာပဲ၊ မပြောပါနဲ့တော့"

ဆင်းရဲပင်ပန်းလှစွာဖြင့် ဘဝတစ်ခုကို ရပ်တည်နေနိုင်အောင် ဘဝမျိုးစုံအား ရုန်းကန်လှုပ်ရှားနေရသော ကိုအေးဆွေဘဝကို သိလာရသောအခါ ခင်သန်းဌေးမှာ အလိုလို ကြင်နာလာသည်။ ကရုဏာသက်လာသည်။ ယခင်က မကြာခဏ တွေ့ခဲ့ရသော်လည်း ပင်ပန်းလှသည့် ဤဘဝမျိုးစုံအကြောင်းကို လေသံပင် မဟခဲ့သဖြင့် မသိခဲ့ရပေ။ ကုမ္ပဏီတစ်ခုတွင် စာရေးအလုပ်ရကြောင်း သာမန်အားဖြင့် ပြောပြ၍ သိခဲ့ရ၏။ ယခုတော့ မဟုတ်ပါတကား။

"အေးလေ၊ ဘာပဲဖြစ်ဖြစ် ခုလို မြို့မှာနေပြီး ရရာအလုပ်ကို ဆင်းရဲဒုက္ခခံလုပ်ပြီး ကိုအေးဆွေ မျှော်မှန်းထားတဲ့ ပညာရေးကို ဒီဂရီတစ်ခုခုရအောင်ထိ ကြိုးစားသွားမယ်ဆိုရင် ကိုအေးဆွေအဖို့ မလွဲနိုင်တဲ့ ခရီးပန်းတိုင်တစ်ခုပဲ။ ခုလို တောပြန်ပြီး ထန်းတက်မယ်ဆိုတော့ သွားပြီပေါ့ ကိုအေးဆွေ"

ခင်သန်းဌေးမှာ ကိုအေးဆွေ၏ ဆုံးဖြတ်ချက်အတွက် စိတ်မကောင်းသည့်ဟန်တွင် အားလျော့သံဖြင့် ယူကျုံးမရပြောရင်း ညည်းလိုက်သည်။

"ကျွန်တော်တော့ အရင်က ချမှတ်ဆုံးဖြတ်ထားတဲ့ ဒီဂရီရသည့်တိုင်အောင် ပညာသင်ဖို့ဆိုတဲ့ ရည်ရွယ်ချက်တွေဟာ ခုတော့ အားလုံး ရေစုန်မျှောပစ်လိုက်ပြီ"

"ဟင်၊ ဘာလို့တုံး"

ခင်သန်းဌေးက အံ့ဩသံဖြင့် မေးလိုက်သည်။

"ခုတင်ကပဲ ပြောခဲ့ပြီကော။ ဘီအေဆိုတဲ့ ဒီဂရီကြီးလက်ဝယ်ထားတဲ့ ပညာရှင်ကြီးတွေတောင် ဘယ်သူကမှ အလုပ်ပေးမယ့်လူမရှိလို့ တလည်လည်ဖြစ်၊ တချို့ ဆိတ်သားကင်ရောင်းနေရတဲ့




ခေတ်မျိုးမှာ ကျွန်တော်ကော ဘီအေအောင်လာရင် အလုပ်တန်းပေးပါ့မယ်လို့ ဘယ်သူက အာမခံချက်ပေးနိုင်မှာလဲ"

"ဒါကတော့ ကိုအေးဆွေရယ် ဒီလောက်ထိအောင်လည်း အတွေးခေါင်မနေစမ်းပါနဲ့။ နောက်ခါ လျှောက်လျှားပေါ့။ ဘယ်လိုပဲဖြစ်ဖြစ် ဘီအေ အောင်လာရင် စာရေးစာချီအလုပ် တစ်ခုလောက်ကတော့ မရဘဲမနေပါဘူး။ ရမှာပါပဲ။ လက်ရှိအလုပ်နဲ့ဆိုရင် ရာထူးမြန်မြန်တက်သွားနိုင်တာပေါ့"

ခင်သန်းဌေးက အားတက်သရောဖြင့် မပြန်ရန် တားမြစ်ရင်း တစ်ဖက်ကလည်း အလုပ်အတွက် မျှော်လင့်ချက်တွေပါ ထည့်၍ ပြောနေပြန်သည်။

"ကျွန်တော် လခစား စာရေးစာချီအလုပ်မျိုးတွေကို ဝင်လုပ်ဖို့ စိတ်မကူးတော့ဘူး"

"ဟင်၊ ဘာပြောတယ်"

ခင်သန်းဌေးမှာ စောစောကတစ်မျိုး၊ ခုတစ်မျိုးဖြင့် စကားအမျိုးမျိုးပြောနေသော ကိုအေးဆွေကို နားမလည်နိုင်ဟန်ဖြစ်နေသည်။ စိတ်မှကောင်းပါရဲ့လားဟုလည်း အတွေးမျိုးကပင် တစ်ဖန်ဝင်လာပြန်သည်။

"ဟုတ်တယ်၊ ကျွန်တော်တော့ သူများကခိုင်းမှ လိုက်မှတ်ရတဲ့ လခစား စာရေးစာချီ အလုပ်အကိုင်မျိုးနဲ့ ဘဝရပ်တည်ရမယ့် အလုပ်မျိုးဆိုရင်တော့ လုပ်ဖို့ စိတ်မကူးတော့ဘူး။ ဒီအတွေးအခေါ်မျိုးကို ဒီနေ့ကစပြီး တော်လှန်ပြောင်းလဲပစ်လိုက်ပြီ"

ကိုအေးဆွေ၏ ယတိပြတ်ဆုံးဖြတ်ချက်ချလိုက်သည့်စကားကို ကြားလိုက်ရသောအခါ ခင်သန်းဌေးမှာ အတော်ပင် အံ့ဩသွားရပြန်လေသည်။ ယင်းသို့ဆိုလျှင် ကိုအေးဆွေသည် သူ့ဘဝ၏ အနာဂတ်ဘဝလမ်းကြောင်းကို မည်သို့လျှောက်ပါမည်နည်းဟုလည်း ခင်သန်းဌေးက တစ်ဖန် ပူပူပင်ပင် စိတ်ဝင်စားလာချေပြန်သည်။

"ကဲ၊ ဆိုစမ်းပါဦး ကိုအေးဆွေ။ တစ်ထိုင်တည်းမှာပဲ အမျိုးမျိုးပြောင်းလဲနေတဲ့ ရှင့်ရည်ရွယ်ချက် ဆန္ဒတွေ၊ အတွေးအခေါ်တွေ"

ခင်သန်းဌေးက သရော်၍ပင် မေးလိုက်သည်။ သို့သော် ကိုအေးဆွေကမူ အလေးအနက်ထားသောဟန်ဖြင့် ရှိချေသည်။

"ဒီနေ့ ကျွန်တော်တို့ ခေတ်လူငယ်တွေကို ကြည့်စမ်းပါ။ ခေတ်ပညာလေး အတော်အသင့်တတ်လာရင်ပဲ ဘာလုပ်မလဲ။ စာရေးစာချီ လခစားအလုပ်မျိုး လုပ်ဖို့ပဲတတ်တယ်။ တိုင်းပြည်တိုးတက်ကြီးပွားအောင် နည်းသစ်ထွင်ပြီး လုပ်ငန်းတစ်ခုကို တည်ထောင်မယ်၊ စမ်းသပ်မယ်ဆိုတာ စိတ်မကူးဘူး။ အေးလေ၊ ဒါကိုလည်း တကယ်တော့ အပြစ်တင်စရာ မလိုပါဘူး။ တတ်လာတဲ့ စာပေပညာကိုကပဲ အင်္ဂလိပ်တွေ ထားပစ်ခဲ့တဲ့ ကျွန်ပညာရေးစနစ်ဖြစ်နေတာကိုး။

ဒါကြောင့်မို့လို့လည်း ဒီနေ့ လူငယ်လေးတိုင်း ကြည့်လိုက်ရင် ဆယ်တန်းပဲ၊ အိုင်အေပဲ၊ ဘီအေပဲ အောင်လာရင် ဘာလုပ်မလဲ။ စာရေးစာချီစတဲ့ အထက်ကချမှတ်ပေးတဲ့အတိုင်း လိုက်လုပ်ရတဲ့ အလုပ်မျိုး၊ ပြည်သူလူထုအပေါ် ဗိုလ်လုပ်အုပ်ချုပ်ရတဲ့ အရာရှိအရာခံအလုပ်မျိုးစတဲ့ လခစားအလုပ်မျိုးပဲ လုပ်တတ်ကြတာပဲ ရှိတယ်။

"တခြားမပြောနဲ့၊ သိပ္ပံပညာဖြစ်တဲ့ စက်မှုလက်မှု အတတ်ပညာရှင် ဘီအက်စ်စီတွေတောင် သူများက အလုပ်ပေးမှ လုပ်တတ်တာမျိုး မဟုတ်လား။ ကိုယ့်ဟာကို ဘာမှတီထွင်ပြီး မလုပ်တတ်ဘူး။ အေးလေ၊ တကယ်တော့လည်း အင်္ဂလိပ်အစိုးရဟာ သူတို့အုပ်ချုပ်တဲ့အခါမှာ လွယ်ကူမှုရှိအောင် ခိုင်းတာကို လုပ်တတ်ဖို့လောက်ပဲ ရည်ရွယ်ပြီး ကျွန်ပညာရေးစနစ်ကို ဖန်တီး ပုံသွင်းခဲ့တာကို"

ကိုအေးဆွေ၏ စကားများကြောင့် ခင်သန်းဌေးမှာ တအံ့တဩ ဖြစ်သွားရ၏။ ယနေ့လူငယ်လူရွယ်လေးတိုင်းသည် မိမိတို့ဘဝ ရပ်တည်နိုင်မှုအတွက် ကျောင်းပညာကို လိုလိုလားလားဖြင့် သင်ကြားဆည်းပူးနေချိန်ဝယ် ကိုအေးဆွေက အဘယ်ကြောင့် ဤသို့ ပညာသင်ကြားနေခြင်းကို ကျွန်ပညာဟုဆိုကာ အပြစ်ပြောနေသနည်း။ ထေ့ငေါ့၍ သရော်နေသနည်း။

"ကဲ ဒါဖြင့်ရင် ဒီထက်ကောင်းတဲ့ သခင်ပညာရေးများကော ရှိလို့လား"

ခင်သန်းဌေးက ခံပြင်းသည့်စိတ်ဖြင့် ရုတ်တရက် ကောက်မေးလိုက်သည်။

"ရှိတာပေါ့"

"ဘယ်လိုပညာရေးလဲ"

"ဆိုရှယ်လစ်ပညာရေးစနစ်လေ"

"အင်း၊ ဆိုရှယ်လစ်ပညာရေးစနစ်ဟုတ်လား။ နေပါဦး၊ ကိုအေးဆွေတို့ရဲ့ ဆိုရှယ်လစ်ပညာရေးစနစ်က ခုလက်ရှိပညာရေးစနစ်နဲ့ ဘယ်လောက်ထိ ဒီလောက်ကွာခြားနေလို့လဲ"

ခင်သန်းဌေးက မယုံကြည်ဟန်ဖြင့် တစ်ဆင့်တက်၍ မေးလိုက်သည်။

"ခြားနားပြီကောဗျာ၊ ဘယ့်နှယ်ပြောပါလိမ့်။ ဒါကြောင့်လည်း ကျောက်ပန်းတောင်းမှာတုန်းက ဆရာကြီး ဦးလှဒင်က ခဏခဏပြောဖူးတယ်။ "ဆရာတို့တတ်ထားတဲ့ပညာ၊ ခု မင်းတို့သင်နေတဲ့ ပညာဟာ ကျွန်ပညာပါတဲ့။ မင်းတို့ စာရေးစာချီ စတဲ့ ရာထမ်း မှုထမ်းလုပ်ရုံ၊ လခစား လုပ်ရုံကလွဲလို့ ဘာများလုပ်တတ်ဦးမှာလဲတဲ့"။ ဒီတော့ ကျွန်တော်ကလည်း အခု ဌေးဌေးက ကျွန်တော့်မေးသလို မေးတာပေါ့။ ဒီတော့ ဆရာကြီးက ဒီနေ့ မြန်မာပြည်မှာ သင်ကြားနေတဲ့ ပညာရေးစနစ်နဲ့ ဆိုရှယ်လစ်နိုင်ငံတွေမှာ သင်ကြားနေတဲ့ ဆိုရှယ်လစ်ပညာရေးစနစ်နဲ့ နှိုင်းယှဉ်ပြီး ဝေဖန်ပြသွားဖူးတယ်။ အင်း အင်း၊ ခုမှ ဆရာကြီးပြောတာတွေ သဘောပေါက်တယ်။ အရင်ကတော့ သဘောမပေါက်ဘူး"

ကိုအေးဆွေမှာ ဘာကိုသဘောကျနေသည် မသိ။ သရော်သောဟန်ပန်ဖြင့် ခေါင်းတဆတ်ဆတ်ညိတ်ရင်း ပြုံးရယ်နေသည်။

"ဌေးမေးတာကို ရှင်းစမ်းပါဦး။ ဘယ်လိုခြားနားနေလို့လဲ"

သည်တော့မှ ကိုအေးဆွေသည် သူ့အတွေးနှင့်သူ သဘောကျနေသည်ကို ဖြတ်လိုက်ကာ ဆရာကြီး မကြာခဏ ပြောပြလေ့ရှိသည့် အကြောင်းအရာထဲမှ ချုပ်၍ ခင်သန်းဌေးအား ရှင်းပြလေသည်။

"တကယ်တော့ အင်္ဂလိပ်တွေဟာ သူတို့အုပ်ချုပ်တဲ့ လက်အောက်ခံ ကျွန်နိုင်ငံတွေကို နိုင်နိုင်နင်းနင်းနဲ့ လွယ်ကူစွာ အုပ်ချုပ်နိုင်အောင်သာ ရည်ရွယ်ပြီး ပညာရေးစနစ်ကို တီထွင်ဖန်တီးခဲ့တာဖြစ်တယ်။ တစ်နည်းအားဖြင့်ဆိုရင် ကျွန်သက် ရှည်သထက်ရှည်အောင် တည်တံ့နိုင်မယ့် ဗျူရိုကရေစီ အုပ်ချုပ်ရေးစက်ယန္တရားကြီး လည်ပတ်နိုင်အောင်၊ အဲဒီ ဗျူရိုကရေစီ စက်ယန္တရားကြီးထဲမှာ ဘီးငယ်၊ ခွေးသွားစိတ်များသဖွယ်၊ မူလီကလေးတွေ အဖြစ်၊ စူး ဆောက် တန်ဆာပလာ ကိုင်တွယ်စရာအဖြစ်လောက်ပဲ အသုံးချတာပဲရှိတယ်။ နိုင်ငံအတွက် အကျိုးရှိမယ့် လူသုံးကုန်ပစ္စည်းတစ်ခုခု တီထွင်ထုတ်လုပ်နိုင်လောက်အောင် တတ်တဲ့ ပညာရေးကို ပြဋ္ဌာန်းမပေးခဲ့ဘူး"

ခင်သန်းဌေးကမူ ကိုအေးဆွေအား သက်သက်မဲ့ လိုက်၍ ကတ်ဖဲ့ပြောနေသည်ကို ထင်မြင်နေသည်။

"ဒီလို မပေးရုံမကဘူး၊ ဒီကျွန်ပညာစနစ်ဖြစ်တဲ့ တက္ကသိုလ်ပညာကိုလည်း ငွေကုန်ကြေးကျခံနိုင်တဲ့ မြေရှင်ကြေးရှင် အရာရှိ အရာခံ သားသမီးများသာ တက်ရောက်သင်ကြားနိုင်အောင် စရိတ်ကြီးကြီးနဲ့ ပုံသွင်း ဖန်တီးထားတယ်။ ဒီတော့ တက္ကသိုလ်ပညာရေးကို လူတိုင်းသင်ကြားနိုင်ဖို့ ခဲယဉ်းလာတယ်။ ဒီလိုနဲ့ တန်ဖိုးရှိအောင်လုပ်ထားပြီး လူတန်းစားခွဲခြားမှုကို အလိုလိုဖန်တီးပေးခဲ့တယ်။ ကောလိပ်ကျောင်းထွက် ပညာရှင်တစ်ယောက်ကိုလည်း ပြည်သူလူထုအပေါ် ဗိုလ်ကျပြီး အုပ်ချုပ်ဖို့ဆိုတဲ့ စိတ်နေစိတ်ထားပါ သင်ပေးလိုက်တယ်။

"ဒါကြောင့်မို့လို့လည်း ဒီတက္ကသိုလ်ပညာကို တတ်မြောက်လာတဲ့ ပညာရှင်တစ်ယောက်ဟာ ကိုယ့်ကိုယ်ကို ဘီအေ၊ အမ်အေ၊ ဘီအက်စ်စီဆိုတဲ့ ဘွဲ့ဒီဂရီကြီး ရထားတဲ့အနေနဲ့ အခြောက်တိုက် ဘဝင်မြင့်ပြီး နိုင်ငံကိုအကျိုးရှိစေမယ့် ကုန်ပစ္စည်းတစ်ခုခုကိုမှ မထုတ်လုပ်နိုင်တဲ့ အပြင် ကိုလိုနီစနစ်နဲ့ မတရားသွေးစုပ် အမြတ်ထုတ်နိုင်ဖို့ မြေရှင် အရင်းရှင်စနစ်ကို အကျိုးပြုကာကွယ်စောင့်ရှောက်တဲ့ အတတ်ပညာသာ ရလာတယ်။ ကြည့်လေ၊ ဒီနေ့ တက္ကသိုလ်ကပေးအပ်လိုက်တဲ့ သိပ္ပံဘွဲ့ပိုင်ရှင် ဘီအက်စ်စီ အင်ဂျင်နီယာတစ်ယောက်ဟာ ဟောဒီလို ခဲတံတစ်ချောင်း လုပ်တတ်လို့လား"

**ဆက်လက်ဖော်ပြပါမည်။**

ဆရာမောင်မောင်ဖြူ၏ "နွေဦးကာလ မြူထသောခါ" စာအုပ်အား စာရေးသူ၏ မိသားစုခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။

**စာတည်း**

**"ဆင်းရဲပင်ပန်းလှစွာဖြင့် ဘဝတစ်ခုကို ရပ်တည်နေနိုင်အောင် ဘဝမျိုးစုံအား ရုန်းကန်လှုပ်ရှားနေရသော ကိုအေးဆွေဘဝကို သိလာရသောအခါ ခင်သန်းဌေးမှာ အလိုလို ကြင်နာလာသည်။ ကရုဏာသက်လာသည်။ ယခင်က မကြာခဏတွေ့ခဲ့ရသော်လည်း ပင်ပန်းလှသည့် ဤဘဝမျိုးစုံအကြောင်းကို လေသံပင်မဟခဲ့သဖြင့် မသိခဲ့ရပေ။ ကုမ္ပဏီတစ်ခုတွင် စာရေးအလုပ်ရကြောင်း သာမန်အားဖြင့် ပြောပြ၍ သိခဲ့ရ၏။ ယခုတော့ မဟုတ်ပါတကား။**

**"အေးလေ၊ ဘာပဲဖြစ်ဖြစ် ခုလို မြို့မှာနေပြီး ရရာအလုပ်ကို ဆင်းရဲဒုက္ခခံလုပ်ပြီး ကိုအေးဆွေ မျှော်မှန်းထားတဲ့ပညာရေးကို ဒီဂရီတစ်ခုခုရအောင်ထိ ကြိုးစားသွားမယ်ဆိုရင် ကိုအေးဆွေအဖို့ မလွဲနိုင်တဲ့ ခရီးပန်းတိုင်တစ်ခုပဲ။ ခုလို တောပြန်ပြီး ထန်းတက်မယ်ဆိုတော့..."**

## ကန့်ကွက်နိုင်ပါသည်။

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၆/စီ)၊ မြေကွက် အမှတ်-၂၇ဒီ/၄. ယ၊ ဧရိယာ (၀. ၂၃၅) ဧကရှိ မြေပိုင်မြေကွက်နှင့်ယင်းမြေကွက်ပေါ်၌ ဆောက်လုပ်ထားသော ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၁၀) ရပ်ကွက်၊ သံလွင်လမ်း (လမ်းသွယ်)၊ အမှတ်-၁၃၅ ဘီ/၄ ဟုခေါ်တွင်သည့် နေအိမ်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်ကို အမည်ပေါက်ပိုင်ဆိုင်သူများဖြစ်ကြသော ၁။ ဦးစန်းလွင် (၁၄/ဝခမ (နိုင်) ၀၀၇၄၃၂)၊ ၂။ ဦးကြည်ဝင်း (၁၂/ကမရ (နိုင်) ၀၃၃၀၉၇)၊ ၃။ ဒေါ်ခင်စန်းညွန့် (၁၃/ညရန (နိုင်) ၀၀၅၁၄၀)၊ ၄။ ဦးသက်စိန် (၁၂/ဒဂန (နိုင်) ၀၂၁၄၉၀) တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသဖြင့် အဆိုပါမြေနှင့်အိမ်အပေါ် ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ယနေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားမူရင်းစာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံလူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်း နှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင်ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ
**သင်းကြူစိုး LL.B,LL.M.**
**တရားလွှတ်တော်ရှေ့နေ** (စဉ်-၆၅၅၆)
ရုံး-အမှတ်-၅၅၊ အခန်း-၂၆၊ တတိယထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁-၈၃၇၈၇၉၉၊ ၀၉-၅၀-၁၆၃၅၂၊ ၀၉-၇၉၇၉၀၅၉၅၉။

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ (၁၂)လမ်း၊ အမှတ် (၂၂၄) မြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော(၂)ခန်းတွဲ(၆)ထပ်တိုက် အဆောက်အဦ၏ ပဉ္စမထပ်(ခ)၊ ၆-လွှာ၊ ခြေရင်းခန်း တိုက်ခန်း(၁)ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်း၊ လွှဲပြောင်းရောင်းချလိုကြောင်း အဆိုပြုလာသူ ကန်ထရိုက်တာ ဒေါ်ငွေငွေ[၁၂/မရက(နိုင်)၀၈၇၇၂၀]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ (၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်ခင်စိုး(LL.B,D.B.L)**
**အထက်တန်းရှေ့နေ(စဉ်-၃၈၇၇၆)**
**အမှတ်(၉၁၄)၊ တပင်ရွှေထီးလမ်း၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ Ph:09-254899077**

## အမည်ပြောင်း

တောင်ဥက္ကလာပမြို့နယ်ရှိ ဦးအောင်လင်း၊ ဒေါ်သက်နွယ်လင်း၏ သားဖြစ်သူ မောင်ပြေလင်းဘော်အား ယနေ့မှစ၍ မောင်ခန့်ဇေယျာလင်းဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်ခန့်ဇေယျာလင်း**

## မွေးသက္ကရာဇ်အမှန်

ဇမ္ဗူသီရိမြို့နယ်၊ ဥတ္တရသီဒ္ဓိရပ်ကွက်၊ တိုက် (၃၃၈၉)နေ ဦးတင်မိုးဝင်း [၇/ကပက(နိုင်) ၀၈၃၇၂၃]၏ ဇနီးဖြစ်သူ ဒေါ်ယွန်းဝသုန် [၁၄/မမန(နိုင်) ၃၄၁၂၇၉]၏ မွေးသက္ကရာဇ် အမှန်မှာ ၂-၁၂-၁၉၉၈ ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၆၊ လူနေရပ်ကွက်အမှတ်(၁)၊ မြေကွက်အမှတ်-၁၀၅၊ ဝက်မစွတ်နဝဒေးလမ်း၊ မြေအကျယ်အဝန်း(၆၀ပေx၆၀ပေ)ရှိ ဦးယုခိုင်(ခ)ဦးတင်မောင်အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဦးတင်ထွန်း[၁၂/အစန(နိုင်)၁၆၃၄၈၀]မှ တရားဝင်ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ရောင်းချရန်ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးစိုးရွှေ[၉/မကန(နိုင်)၁၆၉၇၅၄]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းချသည့်တန်ဖိုးငွေအနက်မှ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးဝေမိုး (LL.B)** | **ဒေါ်သန်းသန်းဦး(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၅၆၈)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၄၁၂)** |

**အမှတ်-၃၂၀/ခ၊ ဘောဂဝတီလမ်း၊ ၈၂/၃၃/၁၀ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၂၀၀၂၆၁၃၆၈၊ ၀၉-၄၃၁၃၆၂၈၇**

## ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်မြို့ ၊ သဃ်န်းကျွန်းမြို့နယ် ၊ ငမိုးရိပ်ရပ်ကွက်၊ ငမိုးရိပ်(၂)လမ်း၊ အမှတ်-၇၃၇၊ မြေညီထပ် (တိုက်အားမျက်နှာချင်းဆိုင်ကြည့်လျှင်လက်ဝဲဘက်ခြမ်း)၊ အကျယ်အဝန်း (၁၂½ပေ x ၅၀ ပေ)ရှိ တိုက်ခန်းတစ်ခန်းနှင့် ယင်း၌ တပ်ဆင်အသုံးပြုလျက်ရှိသည့် ရေ ၊ မီး အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိထားအကျိုးခံစားလျက်ရှိပြီး ရောင်းချပိုင်ခွင့်ရှိကြောင်းနှင့် ပိုင်ဆိုင်အကျိုးခံစားမှု အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုသူ ဒေါ်ဟေမာန်ချမ်းအေး [၁၂/မဂဒ(နိုင်) ၀၁၅၀၁၉]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်ခင်မေဦး [၁၂/သဃက(နိုင်)၀၉၄၆၁၉]က အပြီးအပိုင်ဝယ်ယူရန်အတွက် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည်နေ့ရက်မှစ၍ (၁၀)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးအောင်ဖြိုးဟိန်း (LL.B)** | **ဦးထက်ဦးလွင် (LL.B)** |
| **အထက်တန်းရှေ့နေ (စဉ်-၅၃၀၃၉)** | **အထက်တန်းရှေ့နေ (စဉ်-၅၂၆၆၆)** |
| **ဖုန်း-၀၉-၂၅၉၀၁၃၈၅၅** | **ဖုန်း-၀၉-၂၅၀၀၂၁၇၀၈** |

**အမှတ်-၅၂၊ ငမိုးရိပ်(၁၀)လမ်း၊ ငမိုးရိပ်ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။**

## "အများသိစေရန်ကြော်ငြာ"

ကျွန်ုပ်၏မိတ်ဆွေ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဗညားဒလလမ်း၊ အိမ်အမှတ်(၂၉၂)၊ ၄-လွှာ (ခေါင်းရင်းဘက်ခြမ်း) နေ ဒေါ်သီတာဦး [၁၂/တမန(နိုင်)၁၀၇၀၀၅]က အမှတ်(၂၀၂/က)၊ အောင်ဇေယျလမ်း၊ ၄/မြောက်ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့ နေထိုင်သူ ဦးကျော်သိန်း [၁၂/သကတ(နိုင်)၀၀၉၅၁၄]နှင့် ဇနီး ဒေါ်ငွေးမြင့် [၁၂/သကတ(နိုင်) ၀၁၃၇၇၄] တို့ထံမှ ၎င်းတို့ပိုင်ဆိုင်သော **"ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်၊ သန်လျင်မြို့နယ်၊ အမှုထမ်းရပ်ကွက်၊ သဲလမ်း၊ နယ်မြေ(၉)၊ ကွင်းအမှတ်(၂၈)၊ ညောင်သုံးပင်မြောက်ကွက်၊ ဦးပိုင်အမှတ်(၂၃/ခ/၁)၊ ဒေါ်မြစိန် အမည်ပေါက်၊ မြို့မြေဧရိယာ (၀.၅၂၄)ဧကအတွင်းမှ မခွဲစိတ်ရသေးသော မြေကွက်အကျယ်ပေ (၃၇ပေx၈၅ပေ)၊ မြေကွက်(ဘိုးဘွားပိုင်)၊ မြေနှင့် မြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံး"**တို့ကို ကျွန်ုပ်မိတ်ဆွေက ဦးကျော်သိန်း၊ ဒေါ်ငွေးငွေးမြင့်ထံမှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးအပ်၍ စရန်ပေးစာချုပ်ချုပ်ဆိုပြီး ဖြစ်ပါသည်။

ကျွန်ုပ်မိတ်ဆွေမှ အပြီးအပိုင် အရောင်းအဝယ်စာချုပ်ချုပ် ဆိုတော့မည်ဖြစ်၍ ယင်းအရောင်းအဝယ်ပြုလုပ်သည့် (၃၇ပေx၈၅ပေ)မြေကွက်နှင့်စပ်လျဉ်း၍ **ကန့်ကွက်မည့်သူ (သို့) အကျိုးသက်ဆိုင်သူ၊ မည်သူမဆို** အထောက်အထား ခိုင်လုံ၊ မူရင်းစာရွက်စာတမ်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းသတ်မှတ်ရက်ကျော်လွန်သွားပါက အထက်ပါအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြုလုပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်သီတာဦး၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးခင်မောင်ဖြူ**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၃၅၈၂)**
**အမှတ်(၂၉၂)၊ ပထမထပ်၊ ဗညားဒလလမ်း၊ ကျောက်မြောင်းကြီးရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၁၂၆၇၂၂**

မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ် လူသစ် ဘဝသစ်

## အသိပေးကြေညာချက်

ကိုရီးယားနိုင်ငံမှ မော်တော်ယာဉ်များ တင်ဆောင်လာသည့် M.V SEIYO SPRING V.2303 သင်္ဘောသည် ၁၅-၃-၂၀၂၃ ရက်နေ့ခန့်တွင် ရန်ကုန်ဆိပ်ကမ်းသို့ ဆိုက်ကပ်၍ ကုန်ချလုပ်ငန်း ဆောင်ရွက်မည်ဖြစ်ပါသည်။

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါ ပစ္စည်းများကို ORIGINAL BILL OF LADING များ ယူဆောင်လျက် လာရောက် ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့်အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါ တယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည် -

ဖုန်း -၂၃၀၁၁၉၁ ၊ ၂၃၀၁၁၇၈

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေ အမိန့် ၅၊ နည်းဥပဒေ ၂၀)
## မရမ်းကုန်းခရိုင်တရားရုံးတော်
## ၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ်-၈၅၉

| | | |
|---|---|---|
| Family United Power Group of Co.,Ltd. (ကုမ္ပဏီ၏ကိုယ်စား ဦးထွန်းထွန်းဦး၊ အထွေထွေမန်နေဂျာ) | နှင့် | ဦးညိုထွန်း |
| တရားလို | | တရားပြိုင် |

**မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ တံခွန်တိုင်ရပ်ကွက်နေ တရားပြိုင် ဦးညိုထွန်း(ယခုနေရပ်လိပ်စာမသိသူ)**သိစေရမည်။

သင့်အပေါ်၌ **တရားလို** က **စက်ယန္တရား(၁)စီးလက်ရောက်ရလိုမှုနှင့် ငှားရမ်းခကျန်ငွေ+နောက်ကျနစ်နာကြေးငွေ စုစုပေါင်းငွေကျပ်(၆၇၂၂၈၅၉၄/-)ရလိုကြောင်း**နှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၊ ၂၀၂၃ ခုနှစ်၊ မတ်လ ၂၂ ရက်(၁၃၈၄ ခုနှစ်၊ တန်ခူးလဆန်း ၂ ရက်)နေ့ မွန်းမတည့်မီ(၁၀:၀၀)နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ်၊ မတ်လ ၈ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(မျိုးမင်းအောင်)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**မရမ်းကုန်းခရိုင်တရားရုံး**

## "အများသိစေရန်ကြေညာခြင်း"

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂)၊ အာသာဝတီ (၄) လမ်း၊ မြေကွက်အမှတ် (၂၄၄½)၊ မြေအကျယ်ပေ (၂၀x၆၀)၊ ဧရိယာ (၁၂၀၀)စတုရန်းပေရှိ နှစ်(၆၀)ဂရန်မြေကွက်အား ဦးမြဇင် (အေဒီ-၀၂၇၃၃၂) [၁၂/ဥကမ(နိုင်)၁၂၆၃၇၄]မှ ဦးဟိန်းလတ်စိုး [၇/ပခန(နိုင်)၂၄၅၅၂၇] အား ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် အထူးကိုယ်စားလှယ်လွှဲစာအမှတ်-၂၇၂၃၆ (၃-၁၀-၂၀၁၄)ရက်နေ့တွင် လွှဲအပ်ပေးခဲ့ပါသည်။ ယခုအခါ အဆိုပါ အထူးကိုယ်စားလှယ်လွှဲစာအား ယနေ့ဤကြော်ငြာပါသည့်နေ့မှစ၍ မြေပိုင်ရှင် ဦးမြဇင်မှ ပြန်လည်ရုပ်သိမ်းမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးမြဇင်၏ညွှန်ကြားချက်အရ -**
**ဒေါ်ခင်သူဇာဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၆၄၆၀)**
**အမှတ် (၈၁၈)၊ အောင်သပြေလမ်း၊ (၁၉)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၂၅၆၃၂၂၀၉၁**

## ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ပျားရည်ကုန်းရပ်ကွက်၊ ဗညားဒလလမ်း၊ (၁၄၇) လမ်းထိပ်၊ တိုက်အမှတ်(၃၃၅) (ဝဲဘက်) (၅-လွှာ) နေထိုင်သူများဖြစ်ကြသော နိုင်ငံသားစိစစ်ရေးကတ်အမှတ် [၉/ရမသ(နိုင်)၁၀၄၄၀၇] ကိုင်ဆောင်သူ ဒေါ်အေးအေးအောင်(ဘ) ဦးလူပိန်[၁၂/ဆကခ(နိုင်)၀၁၁၅၆၇] ကိုင်ဆောင်သူနှင့် အများသိစေရန်

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ မြန်မာ့ရှေ့ဆောင်ဘဏ်လီမိတက် (မရမ်းကုန်းဘဏ်ခွဲ) မန်နေဂျာ၏ လွှဲအပ်ညွှန်ကြားချက်အရ လူကြီးမင်း ဒေါ်အေးအေးအောင်နှင့် အများသိစေရန် ကြေညာပါသည်။ လူကြီးမင်း ဒေါ်အေးအေးအောင်က Go Excellent Myanmar Co.,Ltd မှ ရောင်းချသည့် Borgward BX7 အမျိုးအစား မော်တော်ယာဉ်(၂)စီး ယာဉ်အမှတ်၊ 7R-7700 (Black) နှင့် 6R-8879 (Black) တို့ကို အရစ်ကျ ချေးငွေပေးဆပ်စနစ်ဖြင့် ဝယ်ယူရန်အတွက် လိုအပ်သောငွေများကို မြန်မာ့ရှေ့ဆောင်ဘဏ်လီမိတက်(မရမ်းကုန်းဘဏ်ခွဲ)မှ (၁၄-၁-၂၀၂၁)ရက်က ချေးယူခဲ့ပြီး ယင်းချေးငွေကို အရစ်ကျပေးဆပ်သည့်စနစ်ဖြင့် (၅)နှစ်ပေးဆပ်ရန် စည်းကမ်းချက်များအပါအဝင် မြန်မာ့ရှေ့ဆောင်ဘဏ်လီမိတက်(မရမ်းကုန်းဘဏ်ခွဲ)ရှိ လူကြီးမင်းတို့၏ ဘဏ်စာရင်းနှင့် ဘဏ်ချေးငွေစာရွက်စာတမ်းများအရ သိရှိရပါသည်။

မြန်မာ့ရှေ့ဆောင်ဘဏ်လီမိတက်(မရမ်းကုန်းဘဏ်ခွဲ)မှ ချေးယူခဲ့သည့် ယင်းချေးငွေများအနက် ကျန်အရစ်ကျ ပေးသွင်းရမည့် ဘဏ်ချေးငွေများကို ပြန်လည်ပေးသွင်းမည်ဖြစ်ကြောင်း ဝန်ခံကတိပြုလက်မှတ် ရေးထိုးထားသည့်အတိုင်းဆောင်ရွက်ပေးခြင်းမရှိဘဲ ယနေ့တိုင် (၁၄)ကြိမ်ပျက်ကွက်နေသဖြင့် လူကြီးမင်းက ဘဏ်သို့ ပေးသွင်းရမည့် ဘဏ်ချေး ငွေများကို ဤသတင်းစာကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်၏မိတ်ဆွေ မြန်မာ့ရှေ့ဆောင်ဘဏ်လီမိတက် (မရမ်းကုန်းဘဏ်ခွဲ)သို့ မပျက်မကွက် အမြန်ဆုံးလာရောက်ပေးဆပ်ပါရန်နှင့် အရစ်ကျဘဏ်ချေးငွေစနစ်ဖြင့် ချေးယူထားသော Borgward BX7 အမျိုးအစား မော်တော်ယာဉ် (၂) စီးဖြစ်သည့် ယာဉ်အမှတ်၊ 7R-7700 (Black) နှင့် 6R-8879 (Black) တို့ကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ လွှဲပြောင်းခြင်း၊ ပေးကမ်းခြင်းတို့ မပြုလုပ်ရန် လူကြီးမင်း ဒေါ်အေးအေးအောင်နှင့် အများသိစေရန် ကြေညာပါသည်။

**မြန်မာ့ရှေ့ဆောင်ဘဏ်လီမိတက်(မရမ်းကုန်းဘဏ်ခွဲ) ၏**
**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မေကြည်ခိုင် LL.B**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၇၆၁၈/၁၈-၅-၂၀၁၀)**
**အမှတ်-၁၁၈/၇-လွှာ (ညာ)၊ ၄၆-လမ်း (အထက်)၊**
**(၁၀)ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ်။ ရန်ကုန်မြို့။ Ph:09-5113828**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃/၄၊ မြေကွက်အမှတ်-၉၅၅၊ ဧရိယာ (၀.၀၈၃) ဧကရှိ နှစ် (၆၀) ဂရန် မြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်ရှိ လှိုင်သာယာမြို့နယ်၊ နဝဒေးဥယျာဉ်အိမ်ရာ၊ (၆) ရပ်ကွက်၊ အမှတ် (၁၀) ဟုခေါ်တွင်သော အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဒေါ်သက်ထားရွှေစင်ဝင်း [၁/မကန(နိုင်) ၁၈၆၀၀၈] ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန် စရန်ပေးကတိစာချုပ်ပြုလုပ်ချုပ်ဆိုခဲ့ပြီးဖြစ်ပါသည်။ ထိုကဲ့သို့ အရောင်းအဝယ်ပြုခြင်းနှင့် စပ်လျဉ်း၍ နစ်နာမှုတစ်စုံတစ်ရာအကြောင်းရှိနိုင်သူ မည်သူမဆို ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါပြီး (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ချက်မရှိပါက တည်ဆဲဥပဒေများအား မဆန့်ကျင်စေဘဲ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးလိမ္မော် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၄၃၁၄)**
**အမှတ် (၄၆/ပထပ်)၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၆၉၂၂၉၉၅၆၃၊ ၀၉-၄၂၈၆၃၀၇၀၄**

## "ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း"

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-(၅)၊ ခေမာ(၁)လမ်း၊ မြေကွက်အမှတ်- ၃၄၂(ခ) ဟုခေါ်တွင်သော ဒေါ်တင်လှ အမည်ပေါက်သည့် နှစ်(၆၀)မြေငှားဂရန်ပါ မြေအကျယ်ပေ (၂၀x၆၀)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော နေအိမ်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ဦးခင်မောင်ထွန်း [၁၂/ဥကမ(နိုင်) ၀၅၆၈၇၈]မှ အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းတစ်စုံတစ်ရာမရှိ ကင်းရှင်းပါကြောင်း တာဝန်ယူ ရောင်းချသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးနေဦးနိုင် [၅/ယမပ(နိုင်)၀၇၀၀၂၉]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသတို့ကိုပေးချေထားပြီးဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ဤ ကြော်ငြာစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောအထောက်အထားစာရွက်စာတမ်းမူရင်းများဖြင့် ဆက်သွယ်၍ ကန့်ကွက်နိုင်ပါသည်။ အကယ်၍ (၇)ရက်ကျော်လွန်သည့်တိုင် ကန့်ကွက်မည့်သူများမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ပြီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန်အသိပေးကြေညာအပ်ပါသည်။

| | |
|---|---|
| **ညွှန်ကြားသူ -** | **ညွှန်ကြားချက်အရ -** |
| **ဦးနေဦးနိုင်** | **ဒေါ်ခင်သူဇာဝင်း (LL.B)** |

**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၆၄၆၀)**
**အမှတ် (၈၁၈)၊ အောင်သပြေလမ်း၊ (၁၉)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၂၅၆၃၂၂၀၉၁**

## ပြင်ဆင်ဖတ်ရှုပါရန်

၂၆-၂-၂၀၂၃ရက်နေ့ကြေးမုံသတင်းစာ၏စာမျက်နှာကြော်ငြာ (၃၁)ကန့်ကွက်နိုင်ကြောင်းကြော်ငြာသာကေတမြို့နယ်၊ဒေါ်ခင်မြင့်ဆွေ၏ပိုင်ဆိုင်မြေပုံကူးတွင်ဒေါ်ခင်ဆွေမြင့်အစားဒေါ်ခင်မြင့်ဆွေ(၁၂/သကတ(နိုင်)၀၃၂၆၄၀)ဟုအမှန်ဖတ်ရှုပါရန်။

## ပျောက်ဆုံးကြောင်း

ဦးသူရနိုင်[၁၄/မမက(နိုင်)၂၀၂၃၅၉]ကိုင်ဆောင်သော နိုင်ငံကူးလက်မှတ်(အမှတ်-မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

Ph-09-791273012

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြော်ငြာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၈)၊ လူနေရပ်ကွက်အမှတ် (၁၈)၊ စိန်ပန်းမြိုင်(၃)လမ်း၊ မြေကွက်အမှတ် (၄၉)၊ အကျယ်အဝန်း (၄၀ပေx၆၀ပေ)ရှိ ဦးစိုးမိုးကျော်အမည်ပေါက် နှစ်(၆၀)ဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်အမည်ပေါက်ပိုင်ဆိုင်ထားကြောင်း ဝန်ခံသူ ဦးစိုးမိုးကျော် [၁၂/ဒပန(နိုင်)၀၄၇၄၈၅]မှ မိမိသာလျှင် အပြီးအပိုင်လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း ဝန်ခံလျက် ကျွန်ုပ်မိတ်ဆွေထံ စကားကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုး၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား (မူရင်း)များဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်သူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဒေါ်ရင်ငွေ** | **ဒေါ်ဖွန်မေဒေး LL.B** |
| **[၁၂/ရကန(နိုင်)၀၀၆၁၀၀]** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၆၁၀)** |

**အမှတ်-၅၀၊ ပထမထပ်၊ အခန်း(စီ-၆)၊**
**ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၂၀၂၄၄၃၁၆**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြော်ငြာခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၅)၊ လူနေရပ်ကွက်အမှတ် (၅)၊ အောင်ဇေယျလမ်း၊ မြေကွက်အမှတ် (၃၇)၊ အကျယ်အဝန်း (၂၅ပေx၇၀ပေ)ရှိ ဦးမောင်လှ (ISN-၀၄၀၇၉၉)အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားကြောင်းဝန်ခံသူ ဒေါ်ခိုင်သဇင် [၁/ဝမန(နိုင်) ၀၅၅၃၆၃]မှ မိမိသာလျှင် အပြီးအပိုင်လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း ဝန်ခံလျက် ကျွန်ုပ်မိတ်ဆွေထံ စကားကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုး၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား (မူရင်း)များဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်သူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဒေါ်နွယ်နီဝင်း** | **ဒေါ်ဖွန်မေဒေး LL.B** |
| **[၁၂/အစန(နိုင်)၁၅၈၀၉၃]** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၆၁၀)** |

**အမှတ်-၅၀၊ ပထမထပ်၊ အခန်း(စီ-၆)၊**
**ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၂၀၂၄၄၃၁၆**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၁၂)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး“မူ”ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး။

**၂။ စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှု ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်း(MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင် အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကို အခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) နိုင်ငံ၏ အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံး သက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေး။

**❖ စိုက်ပျိုးရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် မျိုးကောင်းမျိုးသန့်ရရှိရန်၊ မြေဩဇာရရှိရန်၊ အောင်ရေများရရှိရန်နှင့် စိုက်နည်းစနစ် မှန်ကန်ရန်လိုအပ်ပြီး စနစ်တကျဖြင့် စိုက်ပျိုးကြရန်လို……**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက်နေ့တွင် ပြုလုပ်သော မြိတ်ခရိုင်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းရှင်များအားတွေ့ဆုံ၍ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးပြောကြားမှုမှ ကောက်နုတ်ချက်)

# တောင်သူလယ်သမားများ၏ အကျိုးစီးပွားအခြေခံလိုအပ်ချက်ဖြစ်သည့် စိုက်ပျိုးရေရရှိရေး၊ သောက်သုံးရေရရှိရေးနှင့် ရေကြီးနစ်မြုပ်မှုကြောင့် သီးနှံပျက်စီးခြင်းတို့ ကင်းဝေးစေရန် စနစ်တကျစီမံဆောင်ရွက်သွားကြရမည်

နေပြည်တော် မတ် ၁၄

တောင်သူလယ်သမား အခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင်အဖွဲ့ စုံညီအစည်းအဝေး (၁/၂၀၂၃)ကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ တောင်သူလယ်သမား အခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင်အဖွဲ့ အဖွဲ့ခေါင်းဆောင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်အမှာစကား ပြောကြားသည်။

**တက်ရောက်**

အစည်းအဝေးသို့ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင်အဖွဲ့ အဖွဲ့ဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးများ၊

စာမျက်နှာ ၄ ကော်လံ ၁ သို့ ❍



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင်အဖွဲ့စုံညီအစည်းအဝေး (၁/၂၀၂၃) တွင် အမှာစကားပြောကြားစဉ်။

**ယနေ့ ဖတ်စရာ**

**တောင်ကြီးမြို့နယ် ညောင်ရွှေအကျဉ်းထောင်တွင် အကျဉ်းသားအချို့ ထွက်ပြေးရန် ကြိုးစည်ရာမှ ဆူပူအကြမ်းဖက်မှုဖြစ်စဉ် ဖြစ်ပွား**

စာမျက်နှာ » ၁၅

## မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်း တရုတ်နိုင်ငံ၌ ခြေစမ်းပွဲများ သွားရောက်ကစားမည်

ရန်ကုန် မတ် ၁၄

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် ဧပြီလတွင် ယှဉ်ပြိုင်ရမည့် ၂၀၂၄ ပါရီအိုလံပစ်ခြေစစ်ပွဲ ပထမအဆင့်အတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် တရုတ်နိုင်ငံ၌ သွားရောက်လေ့ကျင့်ကာ ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် တရုတ်နိုင်ငံ၌ သွားရောက်လေ့ကျင့်ရန် မတ် ၁၄ ရက်က ထွက်ခွာသွားပြီး ကစားသမား ၂၄ ဦး ခေါ်ဆောင်သွားသည်။ မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် မတ် ၁၅ ရက်မှ ၂၃ ရက်အထိ လေ့ကျင့်မည်ဖြစ်ပြီး ခြေစမ်းပွဲ သုံးပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

စာမျက်နှာ ၁၆ ကော်လံ ၁ သို့ ❖